ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ အင်္ဂါနေ့ (2-8-2011) (၆၈၃၉)

မုတ်သုံအားကောင်း

နောက်နှစ်ရက်
အတွက်
ခန့်မှန်းချက်မှာ
မုတ်သုံလေ
အားကောင်းမည်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၄/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အမှတ် (၄၄/၂၀၁၁) မှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၄၄/၂၀၁၁)
၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းရွှေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့အရ မိမိသဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နှစ်(၃၀)အမျိုးသားသစ်တောစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်းတွင် သစ်တောစိုက်ခင်း ဟက်တာငါးသိန်းကျော် စိုက်ပျိုးထား တစ်နိုင်ငံလုံးတွင် အပင်မျိုးစုံ ၇၉ သန်း စိုက်ပျိုးရန် လုပ်ငန်းအစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသည့် မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ၏ တတိယအကြိမ် အစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁

မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ၏ တတိယအကြိမ် အစည်းအဝေးကို ဇူလိုင် ၂၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက် နိုင်ငံ/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် ဖနွမ်းပင်မြို့ရှိ Peace Palace အဆောက်အအုံ၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်နှင့် ကြိုးပမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် အစိမ်းရောင်စီးပွားရေး လုပ်ငန်းများဆိုင်ရာ မူဝါဒ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ◆

ယနေ့ ကြေးမုံ The Mirror သတင်းအညွှန်း

ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာအုပ်စု ဓာတ်အားခွဲရုံ ဖွင့်ပွဲကျင်းပ (သတင်း)စာမျက်နှာ-၇

အိုင်ယာလန် ဒပ်ဘလင်စူပါဖလား မန်စီးတီး ကိုင်မြောက် (သတင်း) စာမျက်နှာ-၁၀

တရုတ် မင်းသား အန်ဒီလျူနှင့် မင်းသမီး ဖန်ပင်ပင်း ကိုရီးယား သွားမည် (သတင်း)စာမျက်နှာ-၇



စစ်ရေးလေ့ကျင့်မှု၌ ပါဝင်မည့် ရုရှားအောက်ထောက်လှမ်းရေးလေယာဉ် (သတင်း)စာမျက်နှာ-၄

ကြေးမုံ The Mirror
၂-၈-၂၀၁၁ (အင်္ဂါနေ့)

သုတေသနပြု တီထွင်ဆန်းသစ်မှုများ ဖော်ဆောင်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာများ တစ်ဟုန်ထိုးပြောင်းလဲတိုးတက်လာသည်။ ယင်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများသည် နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိနေပြီ။ အချို့သောနိုင်ငံများသည် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုရလဒ်များကြောင့် ဖွံ့ဖြိုးသောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် မြေပေါ် မြေအောက် ရေအောက်သဘာဝသယံဇာတများ ကြွယ်ဝသည်။ ယင်းသယံဇာတ အရင်းအမြစ်များကို စီးပွားဖြစ်ထုတ်ယူအသုံးပြုနိုင်ရန် အရည်အချင်းပြည့်ဝသည့် နည်းပညာရှင်များ၊ သုတေသနပညာရှင်များနှင့် အင်ဂျင်နီယာများ လုံလောက်မှုရှိရေးသည် အရေးပါသည်။ ယင်းပညာရှင်များကို နည်းပညာတက္ကသိုလ်များက မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံနေဆဲဖြစ်ရာ နှစ်စဉ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာရေး ကြိုးပမ်းလျက်ရှိသည်။ ဆန်စပါးနှင့် ပဲမျိုးစုံထုတ်လုပ်မှုမြင့်မားသော နိုင်ငံအဆင့်သို့ ရောက်ရှိလာခဲ့ပြီ။ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းလျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံအဖြစ် တက်လှမ်းနိုင်ရေး အခြေခံကောင်းများကို တည်ဆောက်နေပြီဖြစ်သည်။

နိုင်ငံတော်၏ ပံ့ပိုးအားပေးမှုနှင့်အတူ နိုင်ငံတစ်ဝန်း၌ စက်မှုဇုန်များ ထူထောင်ပေးခဲ့ပြီ။ နည်းပညာထုတ်လုပ်မှု မြင့်မားသည့် စက်ရုံများကို နယ်မြေအလိုက် ထူထောင်ထားရှိပြီ။ စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် ခေတ်မီစက်ပစ္စည်းများ၏ အရည်အသွေးနှင့် စက်ပစ္စည်းများကို ထိန်းချုပ်နိုင်ရန် နည်းပညာကျွမ်းကျင်မှုများလည်း လိုအပ်သည်။ ကွန်ပျူတာပညာရပ်၊ ဆက်သွယ်ရေးနည်းပညာရပ်၊ စက်မှုပညာရပ်များအပြင် ဇီဝနည်းပညာရပ်တို့မှ သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ဆောင်ကြရပေမည်။

စက်မှုနိုင်ငံတည်ဆောက်ရေးတွင် တီထွင်ဆန်းသစ်မှုများ အစဉ်တစိုက်ဖော်ဆောင်ရန်လိုအပ်သကဲ့သို့ နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် အံဝင်ခွင်ကျဖြစ်ရန်လည်း သတိပြုကြရမည်ဖြစ်သည်။ နည်းပညာတက္ကသိုလ်များက ဒီပလိုမာ၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့အင်ဂျင်နီယာများ၊ ကွန်ပျူတာပညာရှင်များနှင့် အသုံးချသိပ္ပံပညာရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီ။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်။ ဒေသဖွံ့ဖြိုးပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်။ နည်းပညာရှင်၊ ကွန်ပျူတာပညာရှင်၊ အင်ဂျင်နီယာများနှင့် ဇီဝနည်းပညာရှင်များက မိမိတို့တတ်ကျွမ်းထားသော အတတ်ပညာ၊ ဆည်းပူးခဲ့သည့် အသိပညာများဖြင့် ထိရောက်အသုံးဝင်သော သုတေသနပြု တီထွင်ဖော်ထုတ်ရင်း ခေတ်မီနိုင်ငံ တည်ဆောက်ရေးတွင် ပါဝင်သယ်ပိုးသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။



ကျောင်းသားလူငယ်များအား ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို အထက(၃)အလုံ၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)မှ ဒုတိယဦးစီးမှူး ဦးကျော်ဇင်ဦး ရှင်းလင်းဟောပြောစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၆၉၅၀	၀. ၀၃၃၆၈
တရုတ် (ယွမ်)	၆. ၄၃၄၉၀	၀. ၁၅၅၄၀
အိန္ဒိယ (ရူပီး)	၄၄. ၀၈၀၀	၀. ၀၂၂၆၉
မလေးရှား (ရင်းဂစ်)	၂. ၉၃၉၅၀	၀. ၃၄၀၁၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၀၁၆	၀. ၈၃၃၂၃
ဂျပန် (ယန်း)	၇၆. ၉၃၉၅	၀. ၀၁၃၀၀
တောင်ကိုရီးယား(ဝမ်)	၁၀၅၁. ၁၈	၀. ၀၀၀၉၅
ယူရို	၀. ၆၉၄၃၄	၁. ၄၄၀၂၃
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၉၃	၁. ၆၃၆၆၈

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CETC မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Electrics Technology Group Corporation (CETC) မှ ဒုတိယဥက္ကဋ္ဌ Ms.Lu Hua နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Modern Agricultural Comprehensive Development Program) အတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦး မြင့် လှိုင် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Electrics Technology Group Corporation (CETC) မှ ဒုတိယဥက္ကဋ္ဌ Ms.Lu Hua နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ မွေးမြူရေးအစုအဖွဲ့ ဖွဲ့စည်း

နေပြည်တော် ဩဂုတ် ၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဒေသနွားမွေးမြူသူအစုအဖွဲ့နှင့် ဝက်မွေးမြူသူအစုအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းဆာလူ၊ တောင်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသက်နိုင်မိုးနှင့် တောင်ကြီးမြို့နယ် သမဝါယမဦးစီးဌာနမှူးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ဒေသနွားမွေးမြူသူ အစုအဖွဲ့နှင့် ဝက်မွေးမြူသူအစုအဖွဲ့ စုစုပေါင်းနှစ်ဖွဲ့ ဖွဲ့စည်းပေးခဲ့သည်။ (သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဒေသ နွားမွေးမြူသူအစုအဖွဲ့နှင့် ဝက်မွေးမြူသူအစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပစဉ်။ (သတင်းစဉ်)

သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ (၁၁၃)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဩဂုတ် ၇ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် နန်းဦးဘုရားတန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများ လာရောက်သွေးလှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်ဟယ်လင်မြင့်ကွန်း(ခ) ဒေါ်ထိပ်တင်မလတ် (၉)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်စီမံခန့်ခွဲနေကြသူ CEO များအတွက် အနာဂတ်စိန်ခေါ်မှုများ၊ အခွင့်အလမ်းများကို တွေ့ဆုံ၍ အတွေ့အကြုံ၊ အတွေးအမြင်များ ဖလှယ်နိုင်ရန် ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၆ ရက်တွင် ဦးဇာရဲလွင်က Using Logistics as a tool to achieve efficient operation ခေါင်းစဉ်ဖြင့် ဆွေးနွေးမည် ဖြစ်သည်။ ဆွေးနွေးပွဲကို အပြန်အလှန် မေးဖြေ ပုံစံများဖြင့် ကျင်းပမည်ဖြစ်ပြီး တက်ရောက်မည့်သူများအား စာရွက်စာတမ်းများ ဝေငှ၍ ဆွေးနွေးပွဲတွင် ပါဝင်ပြီးဆုံးကြောင်း လက်မှတ်ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် အလယ်အလတ်တန်းအဆင့် စီမံခန့်ခွဲသူများ၏ အရည်အသွေးမြှင့်တင်ရေး သင်တန်းများကို ဩဂုတ် ၆ ရက်တွင် စတင်မည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေ ၁၀ ပတ် ပို့ချမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက အမှတ် B(13+23) ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ နာနတ်တောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၀၀၅၄၊ ၅၀၀၉၅၂နှင့် ၇၂၆၈၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြင်ဦးလွင်မြို့နယ် ပွဲကောက်လမ်း ကျောက်ချောခင်း

ပြင်ဦးလွင် ဩဂုတ် ၁

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမ သုံးလပတ်တွင် ဆောင်ရွက်သော ပွဲကောက်လမ်း ကျေးလက်ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၅ ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ခင်နှင့် အင်ဂျင်နီယာမှူး ဦးသန်းထိုက်ဦးတို့ ကွင်းဆင်းကြီးကြပ်ခဲ့ကြကြောင်း သိရသည်။(မြို့နယ်စည်ပင်)

◆ရှေ့ဖုံးမှ

ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် အလုပ်အကိုင်များကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ လမ်းဖွင့်ပေးရန် ရည်ရွယ်ထားကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းရေးကို အလေးထားမည်ဖြစ်သကဲ့သို့ လေထုနှင့် ရေထုညစ်ညမ်းမှုများ လျှော့ချရေး၊ စက်ရုံသုံး စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးကို ဟန်ချက်ညီညီ ပေါင်းစည်းဆောင်ရွက်ရန် တိုးချဲ့ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြှင့်တင်ပေးရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် နိုင်ငံတော်သမ္မတ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း။

ကော်မတီအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ဆွေးနွေးမှုရလဒ်များအပေါ် အခြေခံပြီး အမျိုးသားလုပ်ငန်းအစီအစဉ်(၈)ရပ်ကို ရေးဆွဲအကောင်အထည်ဖော်သွားရန်ဖြစ်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ်ကိုလည်း အစီအစဉ်တစ်ရပ်အဖြစ် ချမှတ်ထားပြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သဘာဝသယံဇာတ အရင်းအမြစ်များအပေါ် မှီခိုအားထားမှုလျော့ပါးရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံသည် သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများ၊ သဘာဝနယ်မြေများ တည်ထောင်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ အပူပိုင်းဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် သစ်တောများ ပြန်လည် တည်ထောင်စိုက်ပျိုးခြင်း အပါအဝင် နှစ်(၃၀) အမျိုးသားသစ်တောစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်းတွင် သစ်တောစိုက်ခင်း ဟက်တာငါးသိန်းကျော် တည်ထောင်စိုက်ပျိုးထားပြီးဖြစ်ကြောင်း။

သဘာဝထိန်းသိမ်းနယ်မြေ ၃၆ ခုကိုလည်း သတ်မှတ်ထားပြီး ယင်းအနက် ခြောက်ခုသည် အာဆီယံ အမွေအနှစ်ဥယျာဉ်စာရင်းတွင် ပါဝင်ကြောင်း၊ လူထုလူတန်းစား အလွှာပေါင်းစုံပါဝင်သည့် လူထုလှုပ်ရှားမှု အသွင်ဖြင့် တစ်နိုင်ငံလုံးတွင် အပင်မျိုးစုံ ၇၉ သန်းစိုက်ပျိုးရန်အတွက် အမျိုးသားစိမ်းလန်းရေးလုပ်ငန်း အစီအစဉ်ကို ယခုနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအစီအစဉ်အပြင် နှစ်စဉ်ပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း(REED)အတွက် ကနဦးဆောင်ရွက်မှု အစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စွမ်းအင်ဆိုင်ရာ မူဝါဒအနေနှင့် စွမ်းအင်အသစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကျယ်ပြန့်စွာအသုံးပြုရန်၊ စွမ်းအင်ကို အကျိုးရှိစွာ ထိန်းသိမ်းသုံးစွဲရန်နှင့် ပြည်သူများအနေနှင့် အခြားအစားထိုး အိမ်သုံးလောင်စာများ အသုံးပြုရန်ကို မြှင့်တင်ဆောင်ရွက်လျက် ရှိကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင်လည်း ကာဗွန်ထုတ်လွှတ်မှုများ လျှော့ချခြင်း အစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေတိုတွင် ဓာတ်ဆီနှင့်ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုရန်နှင့် ရေရှည်တွင် ဇီဝလောင်စာများကို အစားထိုးအသုံးပြုသွားရန်တို့ ပါဝင်သည့် အမျိုးသား ပိုမိုသန့်စင်သော လောင်စာစွမ်းအင်မူဝါဒကို ချမှတ်ထားပြီးဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအတွက် မြန်မာနိုင်ငံ၏ ကနဦး အမျိုးသားအစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်ကို အခြေခံသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် ညီမျှသည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုသည် တန်ချိန် ၇၄ သန်းနှင့် သစ်တောကဏ္ဍက ကာဗွန်စုပ်ယူထိန်းသိမ်းထားမှုသည် ၁၄၂ သန်းခန့် ရှိကြောင်း ဖော်ပြထားသည်နှင့်အညီ ကာဗွန်ထုတ်လွှတ်မှုအပေါ်ပြန်လည် စုပ်ယူထိန်းသိမ်းမှုကောင်းသည့် နိုင်ငံဖြစ်ကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် မဲခေါင်ဒေသ ပတ်ဝန်းကျင် ရေရှည်စီမံခန့်ခွဲမှုနှင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးကို မြှင့်တင်နိုင်မှုအတွက် ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ဒေသခွဲတွင် ဇီဝမျိုးစုံ/မျိုးကွဲ ထိန်းသိမ်းရေးနှင့် သစ်တောနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းကာကွယ်ရေးကိုဦးတည်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်တွင် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည့် "မဲခေါင်ဒေသ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံ/မျိုးကွဲ ထိန်းသိမ်းရေးနယ်မြေ တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ်"တွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် မဲခေါင်ဒေသခွဲနိုင်ငံများမှ ကိုယ်စားလှယ်များက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံ/မျိုးကွဲ ထိန်းသိမ်းရေးနယ်မြေ တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ်နှင့် ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြရာတွင် မြန်မာနိုင်ငံကိုယ်စားလှယ်က "မဲခေါင်ဒေသခွဲတွင် ရေရှည်တည်တံ့စေမည့် မြေအသုံးချမှုစီမံခန့်ခွဲမှု" ဆိုင်ရာ စာတမ်းကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မဲခေါင်ဒေသခွဲဖွံ့ဖြိုးမှုမိတ်ဖက်/အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မဲခေါင်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံ/မျိုးကွဲထိန်းသိမ်းရေးနယ်မြေ တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဝန်ကြီးများက မဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများ၏ တတိယအကြိမ် အစည်းအဝေး ပူးတွဲကြေညာချက်ကို အတည်ပြုထုတ်ပြန်ပြီး ညနေ ၃ နာရီခွဲတွင် အစည်းအဝေး ပြီးဆုံးခဲ့သည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် မဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများ၏ တတိယအကြိမ် အစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

တပ်ကုန်းမြို့နယ်၌ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း မြင့်မားရေး ဆောင်ရွက်နိုင်သည့် ကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သာသနာပြုဗိမာန်၌ ဩဂုတ် ၁ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပရာ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ငွေ၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေတို့ တက်ရောက်ပြီး ဂုဏ်ထူးဆုအများဆုံးရရှိသော အထက(၂) ကျောင်း၊ အောင်ချက်အကောင်းဆုံးရ တောင်ဘို့သာ အထက(ခွဲ)၊ အတိုးတက်ဆုံးကျောင်းဆုရ အထက(ခွဲ) ကပစ(၁) နှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။

(ဝဇ၂)

တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ဝဇ၂)

ကြည့်ရှုအားပေး

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် MRTV-4(၇) နှစ်ပြည့်အထိမ်းအမှတ်ပြပွဲကို ဩဂုတ် ၁ ရက်က နောက်ဆုံးနေ့အဖြစ်ပြသရာ ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြစဉ်။

(ကြေးမုံ)

ပညာဂုဏ်ရောင် အလင်းဆောင်

အမရပူရမြို့နယ် နေခြည်ဦးစာကြည့်တိုက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် စာအုပ်၊ စာစောင်များ လှူဒါန်း

အမရပူရ ဩဂုတ် ၁

မန္တလေးမြို့ အမရပူရမြို့နယ် ဘနော ကျေးရွာအုပ်စု နေခြည်ဦးစာကြည့်တိုက်သို့ စာအုပ်၊စာစောင်များနှင့် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြမန္တလာဟိုတယ် စာကြည့်တိုက်က လှူဒါန်းသော အလှူငွေကျပ်ငါးသောင်းကို Senior Manager ဒေါ်မြင့်မြင့်ရီက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုက လက်ခံရရှိပြီး ချမ်းအေးသာစံမြို့နယ်နေ ရုပ်သေးပညာရှင်ဒေါ်မမနိုင်က သုတရသစာအုပ်စာစောင်၂၀၀ နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက သုတရသစာအုပ်၊စာစောင် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအေးလွင်က လက်ခံရယူသည်။ ယင်းနောက် စာကြည့်တိုက်ကော်မတီနာယက ဦးကျော်ညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

ပညာအလင်းစာကြည့်တိုက် သုံးခွ၌ ဖွင့်

သုံးခွ ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၅၈ ခုမြောက် စာကြည့်တိုက်အဖြစ် ကတုံးပေါ်အလယ်ကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းစာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေရှိပြီး နိုင်ငံတော်မတည်ငွေ ကျပ် ၁၀ သိန်း၊ သွပ်အချပ် ၅၀ နှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေ ကျပ် ၃၃ သိန်း စုစုပေါင်း ငွေကျပ် ၄၃ သိန်းဖြင့် ဆောက်လုပ်ထားသော စာကြည့်တိုက်ဖြစ်သည်။

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဗျောက်ရိုးကျေးရွာ စုံတောမြိုင်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစစ်စိန်တို့ စာအုပ်၊စာစောင်များလက်ခံစဉ်။(ကြေးမုံ)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရုရှား၊ အမေရိကန်နှင့် ကနေဒါလေတပ်တပ်ဖွဲ့များ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မည်

မော်စကို ဩဂုတ် ၁

ရုရှား၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှ လေတပ်တပ်ဖွဲ့များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယအကြိမ် စစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၈ ရက်မှ ၁၁ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားအရှေ့ပိုင်းစစ်နယ်မြေအကြီးအကဲ အီဂေါမူဂီနော့က ဩဂုတ် ၁ ရက်တွင် ပြောကြားသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ရုရှား၊ အမေရိကန်နှင့် ကနေဒါတို့၏ လေတပ်တပ်ဖွဲ့များ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စစ်ရေးစွမ်းပကားများကို မြှင့်တင်ပေးနိုင်ရန်ဖြစ်ကြောင်း မူဂီနော့က ပြောကြားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှု၌ အေဝက်ထောက်လှမ်းရေး လေယာဉ်များနှင့် ဝေဟင်အတွင်း ဆီဖြည့်ပေးနိုင်သော လေယာဉ်များလည်း တိုက်ခိုက်ရေးစစ်လေယာဉ်များနှင့်အတူ ပါဝင်လေ့ကျင့်ကြမည်ဖြစ်သည်။

ရုရှား၊ အမေရိကန်နှင့် ကနေဒါတို့၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ပထမအကြိမ်စစ်ရေးလေ့ကျင့်မှုကို ၂၀၁၀ ခုနှစ်က ပြုလုပ်ခဲ့သည်။

အင်တာနက်။

ရုရှား၊ အမေရိကန်နှင့် ကနေဒါတို့၏ စစ်ရေးလေ့ကျင့်မှု၌ပါဝင်မည့် ရုရှားအေဝက်ထောက်လှမ်းရေးလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားအရှေ့ဖျားဒေသ၌ စစ်ရေးလေ့ကျင့်နေသော လေထီးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာတိတ်ဒေသ၌ ဖြန့်ကြက်မည့်တပ်ဖွဲ့တွင် ရုရှားလေထီးတပ်ဖွဲ့ဝင်များ ပါဝင်ဖွယ်ရှိ

မော်စကို ဩဂုတ် ၁

မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသ၌ ဖြန့်ကြက်မည့် စုပေါင်းတပ်ဖွဲ့တွင် လေထီးတပ်ဖွဲ့ဝင်များ ပါဝင်ဖွယ်ရှိကြောင်း ရုရှားလေကြောင်းချီတပ်ဖွဲ့အကြီးအကဲက ဩဂုတ် ၁ရက်တွင် ပြောကြားသည်။

အာတိတ်ဒေသ၌ဖြန့်ကြက်မည့် ရုရှားတပ်ဖွဲ့၌ လေထီးတပ်ဖွဲ့ဝင်များ ပါဝင်သင့်၊ မသင့် လေ့လာသုံးသပ်ရန် ညွှန်ကြားထားသည်။

ရုရှားလေကြောင်းချီတပ်ဖွဲ့၏ လေ့လာချက်မှာ မကြာမီ ပြီးဆုံးမည်ဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနသို့ အစီရင်ခံစာ တင်သွင်းမည်ဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး အီဂါနော့က ပြောကြားသည်။

ရုရှားလေကြောင်းချီတပ်ဖွဲ့သည် စစ်အင်အားဖြည့်တင်းရေး အစီအစဉ်တစ်ရပ်အရ ၂၀၂၀ခုနှစ်ထက် နောက်မကျဘဲ စစ်ရဟတ်ယာဉ်တပ်ရင်းများကို ဖွဲ့စည်းဖွယ်ရှိသည်ဟုလည်း ၎င်းက ပြောကြားသည်။

ရုရှားလေကြောင်းချီတပ်ဖွဲ့၏ လက်ရှိအင်အားမှာ တပ်ဖွဲ့ဝင် ၃၂၀၀၀ ရှိသည်။

အင်တာနက်။

ယခုနှစ်အတွင်း ကမ္ဘောဒီးယား၌ မိုးကြိုးထိမှန်သေဆုံးသူ ၁၂၀ ရှိ

ဖနောင်ပင် ဩဂုတ် ၁

၂၀၁၁ခုနှစ် နှစ်ဦးပိုင်းမှ ယနေ့အထိ ကမ္ဘောဒီးယားနိုင်ငံသား အနည်းဆုံး ၁၂၀ မိုးကြိုးထိမှန်သေဆုံးခဲ့သည်ဟု ကမ္ဘောဒီးယားအစိုးရ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ကီအိုပီက ဩဂုတ် ၁ ရက်တွင် ပြောကြားသည်။

ယခုနှစ်အတွင်း သေဆုံးခဲ့သူ အရေအတွက်သည် ၂၀၁၀ ခုနှစ် တစ်နှစ်တာကာလအတွင်း မိုးကြိုးထိမှန်သေဆုံးသူ ၁၁၄ ဦးထက် ပိုမိုများပြားသည်ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် မိုးကြိုးပစ်မှုများသည် မိုးရာသီကုန်ဆုံးချိန်ဖြစ်သော အောက်တိုဘာလတွင် ပုံမှန်ရပ်တန့်သွားလေ့ရှိပြီး ယခုနှစ်အတွင်း၌ မိုးကြိုးထိမှန်သော်လည်း အသက်မသေဘဲ ဒဏ်ရာရရှိခဲ့သူ ၉၁ ဦး ရှိကာ ကျွဲနှင့် နွား ၄၈ ကောင် မိုးကြိုးထိမှန်သေဆုံးခဲ့သည်ဟု ဆိုသည်။

မိုးကြိုးပစ်မှုများသည် ကမ္ဘောဒီးယားနိုင်ငံ၌ နှစ်စဉ်ဖြစ်ပွားပြီး အထူးသဖြင့် မိုးကာလဖြစ်သည့် မေလနှင့် အောက်တိုဘာလအတွင်း အဖြစ်များကာ မိုးကြိုးထိမှန်ခံရသူအများစုမှာ ကျေးလက်များတွင် နေထိုင်ကြသူများဖြစ်သည်။ ***အင်တာနက်။***

ဂြိုဟ်သိမ်ငယ် "ထရိုဂျင်" ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းကြောင်းအတွင်း ဝင်ရောက်နေ

နယူးယောက် ဩဂုတ် ၁

ထရိုဂျင်အမည်ရှိ ဂြိုဟ်သိမ်ငယ်တစ်စင်းသည် ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းကြောင်းအတွင်း ဝင်ရောက်၍ နေကို လှည့်ပတ်လျက်ရှိရာ နေပတ်လမ်းကြောင်းအတွင်း ကမ္ဘာဂြိုဟ်တစ်စင်းတည်း မဟုတ်တော့ဘဲ အဖော်ရှိလာပြီဖြစ်ကြောင်း ဇူလိုင် ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းကြောင်းအတွင်း ဝင်ရောက်လာသည့် ထရိုဂျင်ဂြိုဟ်သိမ်ငယ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ အင်တာနက်)

အဆိုပါ ဂြိုဟ်သိမ်သည် အချင်းမီတာ ၃၀၀ မျှသာရှိပြီး ဂြိုဟ်တစ်စင်း၏ ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ ပတ်လမ်းနေရာတစ်ခုကို အတည်ရယူတတ်သောကြောင့် ထရိုဂျင် (Trojan) ဟူသောအမည်ဖြင့် သတ်မှတ်ခေါ်ဆိုခြင်းဖြစ်သည်။

ထရိုဂျင်ဂြိုဟ်သိမ်သည် နေပတ်လမ်းကြောင်းအတွင်း နေရာအသေယူ၍ လှည့်ပတ်နေခြင်းကြောင့် ကမ္ဘာမြေနှင့် မည်သည့်အခါတွင်မျှ တိုက်မိမည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ကြာသပတေးဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် နတ်ပကျွန်းဂြိုဟ်များတွင်လည်း ၎င်းတို့၏ နေပတ်လမ်းကြောင်းအတွင်း ဝင်ရောက်နေသော ထရိုဂျင်ဂြိုဟ်သိမ်များ အသီးသီးရှိထားကြသည်။

နေပတ်လမ်းကြောင်းအတွင်း ကမ္ဘာမြေ၏ ရှေ့ဘက် မိုင်သန်း ၅၀ အကွာ၌ နေရာယူထားသော ထရိုဂျင်ဂြိုဟ်သိမ်ကို အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၀ တီကေ-z အဖြစ် တရားဝင်အားဖြင့် ခေါ်ဆိုသော ကမ္ဘာမြေ၏ထရိုဂျင်ဂြိုဟ်သိမ်သည် ထူးခြားသော ပတ်လမ်းပုံစံရှိပြီး ပတ်လမ်းနှင့် အထက်အောက် ရွှေ့ပြောင်း၍ နေကိုလှည့်ပတ်လျက်ရှိရာ သိပ္ပံပညာရှင်များက အထူးစိတ်ဝင်စားလျက်ရှိသည်။

ထရိုဂျင်ဂြိုဟ်သိမ်၏ ပတ်လမ်းသည် အနည်းဆုံး နှစ် ၁၀၀၀ အထိ တည်မြဲနေဦးမည်ဖြစ်ပြီး လာမည့် နှစ် ၁၀၀ အထိ ကမ္ဘာမြေအနီးသို့ မိုင် ၁၅ သန်းထက်ပို၍ နီးကပ်လာမည် မဟုတ်ကြောင်း နာဆာအဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

မလေးရှား လူဦးရေ ၂၈ သန်းကျော်ရှိ ဆယ်စုနှစ်အတွင်း နှစ်စဉ် ၂ ရာခိုင်နှုန်းတိုး

ပူထရာဂျာယား ဩဂုတ် ၁

မလေးရှားနိုင်ငံ၏ လူဦးရေသည် ၂၀၁၀ ခုနှစ်ကုန်၌ ၂၈ ဒသမ ၃ သန်းရှိကြောင်း၊ ၂၀၀၀ ပြည့်နှစ်က ၂၃ ဒသမ ၃သန်း ရှိခဲ့ရာမှ ဆယ်စုနှစ်အတွင်း နောက်ထပ်လူဦးရေ ငါးသန်း တိုးလာခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၃၁ ရက်တွင် အစိုးရ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံ၌ လူဦးရေ သန်းခေါင်စာရင်းကို ၁၀နှစ်လျှင် တစ်ကြိမ်ကောက်ယူသည်။ မလေးရှားနိုင်ငံ၏ လူဦးရေသည် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း တစ်နှစ်လျှင် ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးဝန်ကြီး တန်ဆရီနော်မိုဟာမက်က ပြောကြားသည်။

၁၉၉၁ခုနှစ်မှ ၂၀၀၀ပြည့်နှစ်ကာလကမူ နှစ်စဉ်လူဦးရေတိုးတက်နှုန်း ၂ဒသမ ၆ရာခိုင်နှုန်းရှိခဲ့ကြောင်း နော်မိုဟာမက်က ပြောကြားသည်။

မလေးရှားလူဦးရေ၏ ၆၇ဒသမ ၃ရာခိုင်နှုန်းမှာ အသက်(၁၅)နှစ်နှင့် (၆၄)နှစ်အကြား ရှိသူများဖြစ်ကြသည်။ အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးဦးရေမှာ လူဦးရေ ၏ ၅ ဒသမ ၁ရာခိုင်နှုန်းရှိသည်။

မလေးရှားနိုင်ငံသည် သက်ကြီးရွယ်အိုများပြားသော နိုင်ငံမဟုတ်ကြောင်း နော်မိုဟာမက်က ပြောကြားသည်။ လူဦးရေ၏ ၁၀ရာခိုင်နှုန်းသည် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ရှိသူများဖြစ်ပါက ယင်းနိုင်ငံကို သက်ကြီးရွယ်အိုများပြားသောနိုင်ငံ အဖြစ် သတ်မှတ်နိုင်သည်။

မလေးရှားနိုင်ငံ စာရင်းအင်းဌာနက လွန်ခဲ့သည့်နှစ် ဇူလိုင် ၆ရက်မှ ဩဂုတ် ၂၂ ရက်အထိ နိုင်ငံတစ်ဝန်း၌ လူဦးရေစာရင်း ကောက်ယူခဲ့ရာတွင် အမျိုးသား ၁၄၅၆၂၆၃၈ ဦးနှင့် အမျိုးသမီး ၁၃၇၇၁၄၉၇ ဦးရှိသည်ဟု သိရသည်။

အင်တာနက်။



အရက်စွဲသူများ မိမိသဘောဖြင့် မိမိ အရက်ဖြတ်ပါက ဘေးအန္တရာယ်ကြီးမား

လန်ဒန် ဩဂုတ် ၁

ဗြိတိန်နိုင်ငံသူ နာမည်ကျော်အဆိုတော်နှင့် တေးရေးသူ အေမီဝိန်းဟောက်စ် (အပေါ်ပုံ) **သည် ဇူလိုင် ၂၂ ရက်က ကွယ်လွန်ခဲ့ရာ ၎င်းကွယ်လွန်ခဲ့ရခြင်းသည် အရက်ဖြတ်လိုက်ခြင်းကြောင့် ဖြစ်ဖွယ်ရာရှိကြောင်း ကျန်ရစ်သူ မိသားစုများက ပြောကြားခဲ့သည်ဟုဆိုသည်။**

သို့ဖြစ်ရာ နှစ်ရှည်လများ အရက်ကို စွဲစွဲလမ်းလမ်း သောက်သုံးခဲ့သူများ အရက်ဖြတ်ပါက အသက်အန္တရာယ်ဖြစ်နိုင်ခြေရှိ၊ မရှိ ဟူသော မေးခွန်းများ ပေါ်ထွက်လာခဲ့ရသည်။

အရက်ကို ခုံခုံမင်မင် သောက်သုံးခဲ့သူများ အရက်ဖြတ်ပါက အသက်သေဆုံးမှုများသည် အမြဲတမ်းလိုလို မဖြစ်တတ်သော်လည်း ဖြစ်နိုင်ခြေရှိကြောင်း ဆေးပညာရှင်များက ပြောကြားသည်။

အရက်ဖြတ်ခြင်းကြောင့် ခံစားရသည့် ယေဘုယျဝေဒနာများမှာ အိပ်မပျော်ခြင်း၊ ချွေးထွက်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်းတို့ဖြစ်ကြောင်း မီယာမီ မီးလားဆေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာရောဘတ်ရှုဝပ်ဇ်က ဆိုသည်။

ဒေါက်တာရှုဝပ်ဇ်၏အဆိုအရ အရက်ဖြတ်ခြင်းကြောင့် စိတ်လှုပ်ရှားလွယ်ခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ နှလုံးခုန်နှုန်း မြင့်တက်လာခြင်း၊ သွေးပေါင်ချိန်မြင့်တက်ခြင်းနှင့် အသက်ရှူမဝခြင်း စသော ဝေဒနာများလည်း ခံစားရတတ်ကြောင်း သိရသည်။

အယ်လ်ကိုဟောသည် လူတစ်ဦး၏ ကိုယ်တွင်း ဇီဝကမ္မစနစ်နှင့် ဗဟိုအာရုံကြောစနစ်များကို အပြောင်းအလဲဖြစ်စေပြီး သောက်သုံးသူ၏ ကိုယ်ခန္ဓာအား အဆိပ်သင့်စေသည့်သဘောရှိသည်။ သို့ရာတွင် အရက်သောက်သုံး သူ၏ ခန္ဓာကိုယ်သည် အယ်လ်ကိုဟောကြောင့် ဖြစ်ပေါ်ရသည့် ပတ်ဝန်းကျင်သစ်နှင့်လျော်ညီစွာ ပြောင်းလဲတတ်လေ့ရှိကြောင်း ဒေါက်တာရှုဝပ်ဇ်က ပြောကြားခဲ့သည်။

အရက်ကို ခုံခုံမင်မင် သောက်သုံးခဲ့သူတစ်ယောက် အရက်ဖြတ်လိုက်ပါက ဘေးအန္တရာယ်များကြောင်း ဒေါက်တာရှုဝပ်ဇ်က သုံးသပ်ခဲ့ပြီး အရက်ဖြတ်ခြင်းကြောင့် ကျောက်ကပ်နှင့် အသည်း ပျက်စီးနိုင်သည့် အဖြစ်နှင့်လည်း ကြုံရနိုင်သည်ဟု ၎င်းက ဆိုသည်။

သို့ဖြစ်ရာ အရက်သောက်သုံးသူတစ်ဦးအနေဖြင့် အရက်ဖြတ်လိုပါက ဆေးပညာရှင်များ၊ အရက်ဖြတ်ပေးရာ ဌာနများနှင့် တွေ့ဆုံညှိနှိုင်း၍ စနစ်တကျ ဖြတ်သင့်ပြီး မိမိသဘောနှင့် မိမိအရက်ဖြတ်ပါက အန္တရာယ်ကြီးမားကြောင်း ဒေါက်တာရှုဝပ်ဇ်က သတိပေးခဲ့သည်။

အင်တာနက်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ၌ ဒေသခံပြည်သူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

တောင်ငူနှင့် ပဲခူးမြို့နယ်အတွင်း ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနေ

နေပြည်တော် ဩဂုတ် ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် နှစ်ဆောင်ပြိုင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ် နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်နှင့်အညီ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်ငူခရိုင် ဦးစီးဌာနမှူး ဦးခင်မောင်ကျော်က အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် ဖြေလျှော့ဆောင်ရွက်ပေးသည့်စနစ်သစ်နှင့် စပ်လျဉ်းသည်များကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မိမိဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများ၏ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် သတ်မှတ်ကုန်ကျငွေနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုများ၊ ပြည်သူများကလည်း ကြားပွဲစားများ အသုံးပြုဆောင်ရွက်ခြင်း မပြုကြဘဲ ဝန်ထမ်းများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ကြရေး၊ လုပ်ငန်းများအောင်မြင်ရေးအတွက်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် မရှင်းလင်းသည့်အချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများကို တစ်ဦးချင်းမေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာရှိ ဘုရားကြီးစေတီ ဓမ္မာရုံ၌ မိမိဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးရေး လုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပဲခူးခရိုင်ဦးစီးဌာနမှူး ဦးစိုးလွင်က ဒေသခံပြည်သူများအား ဖြေလျှော့ ဆောင်ရွက်ပေးသည့် စနစ်သစ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ မှန်ကန်မြန်ဆန်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ ဒေသခံပြည်သူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဝင်းလွင်က ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူတစ်ဦးချင်းထံပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ပဲခူးမြို့ ဧည့်ရိပ်သာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ ပဲခူးခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအားတွေ့ဆုံကာ မိမိဝန်ကြီးဌာနက ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်အရ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ရာ စတင်ဆောင်ရွက်ခဲ့သည့် ယခုနှစ် ဇူလိုင် ၁ ရက်မှ စတင်၍ ယခုအထိ တစ်လတာကာလအတွင်း ယခင်ကထက် အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးမှု နှစ်ဆ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှု ခြောက်ဆ ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယခုရရှိပြီးသား အောင်မြင်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရင်း စေတနာအရင်းခံဖြင့် အမှားအယွင်းမရှိစေဘဲ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးကြရန်နှင့် လာဘ်ပေးလာဘ်ယူမှု မရှိစေရေးအတွက်လည်း ဂရုပြု ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)

(၂၇၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

နေပြည်တော် ဩဂုတ် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၇၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၀၀၀)

ဘ-၉၈၉၀၁၂

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)

ဇ-၈၈၄၄၆၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဖ-၃၈၉၉၂၀
ဒ-၁၇၆၆၅၅

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

စ-၄၀၃၆၃၃
ဒ-၆၆၄၇၇၀
ခ-၅၄၅၇၅၈
တ-၅၅၃၂၁၀

ကျပ်သိန်း(၁၀၀)ယူနစ်(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဈ - ၂၅၆၀၁၀	ဂ - ၉၁၇၆၉၇
ပ - ၈၆၇၂၅၉	ထ - ၇၄၀၀၁၃
တ - ၉၆၄၄၂၆	င - ၅၄၂၈၆၁
န - ၅၇၄၀၈၂	ဆ - ၄၉၄၈၀၆
မ္ဘ - ၃၃၇၈၉၈	ဓ - ၄၃၉၆၁၅
ခ - ၈၃၂၀၄၄	ဂ - ၁၁၇၃၀၂
မ္ဘ - ၈၉၈၉၁၉	န - ၃၇၁၆၂၄

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ထန်တလန်မြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထန်တလန်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ချင်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

ချင်းပြည်နယ် ဟားခါးမြို့ ၂၀၁၁ ခုနှစ် နဝမအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီခွဲတွင် ရှန်းတောင်ကုန်း၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက်၍ မိုင်းဘောပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၇၅၀ တို့က ရေသင်းဝင်ပျိုးပင် ၁၂၀၀၊ ယူကလစ်ပျိုးပင် ၆၀၀၊ မိုင်းဘောပင် ၄၀၀ နှင့် ချယ်ရီပျိုးပင် ၃၀၀ စုစုပေါင်းပျိုးပင် ၂၅၀၀ ကို စိုက်ပျိုးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ထန်တလန်မြို့အဝင် ရှုခင်းသာပြုလုပ်ရန် မြေနေရာကို လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောက်လုပ်မည့် မြေနေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထန်တလန်မြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းသို့ သွားရောက်၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

အင့်ဂျက်နှင့် လေဆာပရင်တာ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် ဩဂုတ် ၁

Epson အင့်ဂျက်ပရင်တာနှစ်မျိုးနှင့် လေဆာပရင်တာ အစားထိုး အင့်ဂျက်ပရင်တာတစ်မျိုးကို မြန်မာနိုင်ငံ အိုင်စီတီဈေးကွက် အခမ်းအနားကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပရာ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(အောက်ယာပုံ)

အဆိုပါပရင်တာများကို အဖြူအမည်း စာမျက်နှာ တစ်မျက်နှာ ကုန်ကျစရိတ် အလွန်သက်သာစွာဖြင့် ပရင့်ထုတ်လိုသည့် ပရင်တာအသုံးပြုသူများအတွက် အထူးဒီဇိုင်းထုတ် တည်ဆောက်ထားခြင်းဖြစ်သည်။ အင့်ဂျက်ပရင်တာဖြစ်သော်လည်း လေဆာပရင်တာကဲ့သို့ပင် စွမ်းဆောင်ချက်မြင့်မားသည့် ပရင်တာများအဖြစ် တွေ့မြင်ရမည်ဖြစ်ပြီး ပရင့်ထုတ်နှုန်းမြန်ဆန်သည်။ ပရင့်အရည်အသွေးမှာလည်း လေဆာပရင်တာ၏ စာသားအဖြူအမည်း အရည်အသွေးအတိုင်းဖြစ်သည်။ စာတစ်မျက်နှာအတွက် ကုန်ကျစရိတ်မှာ ရှစ်ကျပ်ခန့်သာဖြစ်၍ လေဆာပရင်တာတွင် ထုတ်သော ကုန်ကျစရိတ်နှုန်းထက် သက်သာသည်။ ထို့အပြင် လေဆာပရင်တာများတွင် မပါသည့် အခြားအသုံးဝင်သော လုပ်ဆောင်ချက်များလည်း ပါရှိသေးသည်။ Epson K 100 ပရင်တာများသည် Epson ၏ နည်းပညာမြင့် Micro Piezo Print head ကို အသုံးပြုထားသောကြောင့် ပရင်တာသက်တမ်းကြာရှည်ခံကာ လေဆာပရင်တာများထက် ပါဝါစွမ်းအင်သုံးစွဲမှုလည်း နည်းပါးသဖြင့် ပါဝါစွမ်းအင်ကုန်ကျစရိတ်ကို သက်သာကြောင်း သိရသည်။

အသစ်ထုတ်လုပ်ထားသော ပရင်တာများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Client Focus Technology Group Co., Ltd. ဖုန်း- ၀၁-၅၃၁၀၄၃၊ ၀၁-၅၃၁၀၄၄၊ ၀၉-၇၃၀၄၂၈၁၁၊ ၀၉-၉၉၇၁၈၃၂ တို့သို့ ဆက်သွယ်နိုင်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့၏ ပူးပေါင်းစီစဉ်မှု၊ Ever Sunny Industrial Co., Ltd. ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဩဂုတ် ၆ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က မြေကြီးနှင့် ကျောက်ဆောင် " The Earth & The Rock" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန်

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေး အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည် မြန်မာနိုင်ငံ၏ ကျောက်မီးသွေးအလားအလာနှင့် ကျောက်မီးသွေးဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ရေးအပါအဝင် အာဆီယံနိုင်ငံများ ကျယ်ပြန့်စွာ ဆွေးနွေးမည်

၂၀၁၀ ခုနှစ် အဋ္ဌမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေးကို မလေးရှားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့စဉ်။

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)

မျက်မှောက် ပစ္စက္ခကာလမှာ Energy Security ဆိုတဲ့ စွမ်းအင်လုံခြုံမှု၊ Economy ဖြစ်တဲ့ စီးပွားရေး တွက်ခြေကိုက်မှုတို့ကြောင့် စွမ်းအင်ကဏ္ဍမှာ ကျောက်မီးသွေးဟာ ထိပ်တန်းက အရေးပါလာပါပြီ။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းမှာ Production Cost လို့ခေါ်တဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေခြင်းကလည်း ကျောက်မီးသွေးကို အရေးပါစေတဲ့ အချက်တစ်ချက် ဖြစ်ခဲ့ပါတယ်။

သို့မို့ကြောင့် ၂၀၀၈ ခုနှစ်အတွင်းမှာ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ရဲ့ ၂၆ ဒသမ ၅ ရာခိုင်နှုန်းနဲ့ Energy Mix လို့ခေါ်တဲ့ ကမ္ဘာ့လျှပ်စစ်ရဲ့ ၄၁ ဒသမ ၅ ရာခိုင်နှုန်းကို ကျောက်မီးသွေးက ရရှိခဲ့တယ်လို့ လေ့လာသိရှိရကြောင်းပါဗျာ။

သို့ကလို ကျောက်မီးသွေးစွမ်းအင်ကဏ္ဍ အရေးပါလာတဲ့ကာလမှာ နဝမအကြိမ်အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ မြို့တော်နေပြည်တော်မှာ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မှာဖြစ်ပါတယ်။

အာဆီယံအဆင့်နှင့် လျော်ညီသော အတွေ့အကြုံကောင်းများ ရရှိရန်၊ အာဆီယံနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျောက်မီးသွေးဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေရေးရာစီမံခန့်ခွဲမှုများနှင့် လက်ရှိဆောင်ရွက်နေမှုများကို သိရှိနိုင်ရန်၊ ကျောက်မီးသွေးမှ စွမ်းအင်ထုတ်လုပ်သုံးစွဲရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရေးအတွက် Clean Coal Technology ဖွံ့ဖြိုးရေး၊ Brown Coal အဆင့်မြှင့်တင်ရေး၊ ကျောက်မီးသွေးမှ မီသိန်းဂက်စ်ထုတ်လုပ်ရေးနှင့် ကျောက်မီးသွေးအား လောင်စာရည်ပြုလုပ်ရေး စသည့် အဆင့်မြင့်နည်းပညာများ ရရှိနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

အစည်းအဝေးကို အာဆီယံနိုင်ငံများနဲ့ ဂျပန်ကျောက်မီးသွေးအေဂျင်စီ (JCOAL) တို့မှ ကိုယ်စားလှယ် ၅၀ ခန့်နဲ့ မြန်မာနိုင်ငံဘက်က ကျောက်မီးသွေးထုတ်လုပ်သူ လုပ်ငန်းရှင်များအပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူ ၃၀ ခန့် တက်ရောက်ဆွေးနွေးကြမယ်လို့ အကြမ်းဖျင်းသိရကြောင်းပါ။

အစည်းအဝေးမှာ အင်ဒိုနီးရှားသမ္မတနိုင်ငံက "အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေး အရင်းအမြစ်နှင့် လက်ကျန်အခြေအနေ၊ ကျောက်မီးသွေးဆင့်တက်ပြုပြင်ခြင်း၊ CCT နှင့် ကာဗွန်ဖမ်းယူခြင်းနည်းပညာ၊ ကျောက်မီးသွေးဈေးနှုန်းအညွှန်းကိန်း၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ၏ စွမ်းရည်မြှင့်တင်ရေး" ကဏ္ဍများ၊ မလေးရှားနိုင်ငံက "အာဆီယံဒေသတွင်း ကျောက်မီးသွေး အရည်အသွေးစစ်ဆေးခြင်း၊ အာဆီယံဒေသတွင်း ကျောက်မီးသွေးအသုံးပြုမှုနှင့် ကုန်သွယ်မှု" ကဏ္ဍများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက "အအောင်မြင်ဆုံး CCT နမူနာတစ်ခု" ကဏ္ဍ၊ ထိုင်းနိုင်ငံက "သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးနှင့် ကျောက်မီးသွေး၏ အားသာမှုများ၊ အာရှရှေ့ဆောင် CCT၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး" ကဏ္ဍများ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံက "ကျောက်မီးသွေးသုံးစက်ကိရိယာများ တစ်ပြေးညီဖြစ်စေရေး၊ ကျောက်မီးသွေးဆိုင်ရာ ဆုတံဆိပ်များ အပ်နှင်းရေး" ကဏ္ဍများ၊ ကမ္ဘောဒီးယားနိုင်ငံက "အာဆီယံကျောက်မီးသွေး သတင်းစာဖြန့်ချိရေး" ကဏ္ဍ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက "ကျောက်မီးသွေးဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေး၊ မြန်မာနိုင်ငံ ကျောက်မီးသွေး အလားအလာ" ကဏ္ဍများ၊ ဂျပန်နိုင်ငံက "ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အနာဂတ်ကျောက်မီးသွေးကုန်သွယ်ရေး" စတဲ့ ကဏ္ဍများကို ပြည်မြန်မာရဲ့ မြို့တော် နေပြည်တော်မှာ ကျယ်ပြန့်စွာ ဆွေးနွေးကြမှာဖြစ်ပါတယ်။

ဆွေးနွေးမယ့်အကြောင်းအရာတွေထဲမှာ အင်ဒိုနီးရှားပြည်သူတွေက "ဘုရားပေးသောသိုက်" လို့ တင်စားခေါ်ဝေါ်ရလောက်အောင် အာဆီယံဒေသတွင်းမှာ ကျောက်မီးသွေး အများဆုံးထုတ်လုပ်နိုင်တဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံက ဆွေးနွေးမယ့် "CCT နှင့် ကာဗွန်ဖမ်းယူခြင်းနည်းပညာ" ကဏ္ဍမှာ ကျောက်မီးသွေးကို မီးမရှို့ခင် လူကို အန္တရာယ်ဖြစ်စေတဲ့အရာတွေကို ကြိုတင်ဖယ်ထုတ်ထားတဲ့ Coal Benefication နည်း၊ မီးရှို့ပြီး ထွက်လာတဲ့ မီးခိုး(အငွေ့)တွေထဲက လူကို အန္တရာယ်ဖြစ်စေတဲ့အရာတွေ (SO_2) ကို စစ်ယူဖယ်ထုတ်ပြီးမှ စွန့်ပစ်တဲ့ (Scrubber)နည်း စတဲ့ Clean Coal Technology(CCT) ကဏ္ဍလည်းပါဝင်တဲ့အတွက် များစွာအကျိုးရှိစေမှာဖြစ်ပါတယ်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံရှိတဲ့ နိုင်ငံတိုင်းမှာလည်း ဒီနည်းကို ဆောင်ရွက်နေကြပါပြီ။

တစ်ဆက်တည်းမှာပဲ အာဆီယံဒေသတွင်း နိုင်ငံများရဲ့ ကျောက်မီးသွေးထုတ်လုပ်မှုကို လေ့လာကြည့်မယ်ဆိုရင် အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတို့က အများဆုံးထုတ်လုပ်နိုင်ပြီး ထိုင်း၊ မလေးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့က ဝယ်ယူသုံးစွဲရတဲ့ အနေအထားမှာ ရှိနေပါတယ်။

သဘာဝသယံဇာတအရင်းအမြစ်တွေ အလျှံပယ်ပေါကြွယ်ဝလို့ မြန်မာပြည်သူတွေက "ရတနာမြေ" အဖြစ် တင်စားခေါ်ဝေါ်ကြတဲ့ ပြည်မြန်မာရဲ့ ကျောက်မီးသွေးထုတ်လုပ်မှုကတော့ သူ့အိုးနဲ့ သူ့ဆန် တန်သလောက်ပါပဲ။ ထုတ်လုပ်မှုနဲ့ သုံးစွဲမှုမျှတနေပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်တို့မှာ ကျောက်မီးသွေးကို အဓိကထား ထုတ်လုပ်နေပြီး ကရင်ပြည်နယ်မှာတော့ လက်ရှိ စမ်းသပ်ရှာဖွေနေဆဲပါ။

၂၀၀၆-၂၀၀၇ ခုနှစ်က ကျောက်မီးသွေးတန်ချိန် တစ်သန်းခွဲနီးပါး အများဆုံး ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်ကတော့ တန်ချိန် ခုနစ်သိန်းနီးပါးပဲ ထုတ်လုပ်ခဲ့ပါတယ်။ အကြောင်းကတော့ ဝယ်လိုအားအပေါ် မူတည်ပြီးမှ ထုတ်လုပ်ပေးခြင်းကြောင့်ပါ။ မဝေးတော့တဲ့ ကာလမှာ နိုင်ငံအတွင်း ကျောက်မီးသွေးသုံးလျှပ်စစ်စက်ရုံတွေ၊ အလုပ်ရုံတွေ များပြားလာမှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ကျောက်မီးသွေး အလားအလာဟာ ပိုမိုအရေးပါလာမှာဖြစ်ပါတယ်။

အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေး အကြောင်းကိုလည်း တစေ့တစောင်း တင်ပြရရင် ပထမအကြိမ် အစည်းအဝေးကို အင်ဒိုနီးရှားသမ္မတနိုင်ငံက ၂၀၀၀ ပြည့်နှစ်မှာ အိမ်ရှင်အဖြစ် စတင်လက်ခံကျင်းပခဲ့ပြီး ၂၀၀၂ ခုနှစ် ဒုတိယအကြိမ် အစည်းအဝေးကို မလေးရှားနိုင်ငံ၊ ၂၀၀၃ ခုနှစ် တတိယအကြိမ် အစည်းအဝေးကို အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ၂၀၀၅ ခုနှစ် စတုတ္ထအကြိမ်အစည်းအဝေးကို ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ၂၀၀၇ ခုနှစ် ပဉ္စမအကြိမ် အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ၂၀၀၈ ခုနှစ် ဆဋ္ဌမအကြိမ် အစည်းအဝေးကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ၂၀၀၉ ခုနှစ် သတ္တမအကြိမ် အစည်းအဝေးကို အင်ဒိုနီးရှားသမ္မတနိုင်ငံနဲ့ ၂၀၁၀ ခုနှစ် အဋ္ဌမအကြိမ် အစည်းအဝေးကိုတော့ မလေးရှားနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြပါတယ်။

ယခု ၂၀၁၁ ခုနှစ် နဝမအကြိမ် အစည်းအဝေးကိုတော့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး နေပြည်တော်မှာ ဩဂုတ် ၄ ရက်မှ ၅ ရက်အထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ရေမြင့်ကြာတင့်ဆိုသလို နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ အာဆီယံဒေသတွင်း နိုင်ငံများရဲ့ အစည်းအဝေးပေါင်း များစွာကို မြန်မာနိုင်ငံက ယခုလို အိမ်ရှင်နိုင်ငံအဖြစ် စဉ်တိုက်ဆက်တိုက် လက်ခံကျင်းပပေးနိုင်စွမ်းရှိတာကို တွေ့မြင်ရတဲ့အတွက် မြန်မာပြည်သူတစ်ဦး အနေနဲ့ ဂုဏ်ယူဝမ်းမြောက်မဆုံး ဖြစ်မိကြောင်းပါဗျာ။ ။

၂၀၁၀ ခုနှစ် အဋ္ဌမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေးသို့ တက်ရောက်သူများ အမှတ်တရဓာတ်ပုံရိုက်စဉ်။

မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

၂-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၂၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၇။ လျှပ်တစ်ပြက်
၄း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၉။ အင်္ဂလိပ်စာသုတ
၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်အပိုင်း (၂၄)**
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ်(အပိုင်း-၄၈)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ သီချင်းလက်ဆောင်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၃၉)**
၂၆။ Mini Series

ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းနှင့် သန်လျင်၊ ကျောက်တန်း၊ သုံးခွနှင့် ခရမ်း မြို့နယ် အုပ်ချုပ်ရေးမှူးများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရေးအတွက် မတည်ရင်းနှီးငွေများရရှိမှု၊ ရင်းနှီးငွေရယူလိုသည့် လယ်သမားများနှင့် လက်လုပ်လက်စားများအပေါ် စိစစ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ထွန်းဦးက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က အမှာစကားပြောကြားရာတွင် ဒေသများရှိ အရင်းအနှီး လိုအပ်နေသေးသည့် တောင်သူလယ်သမားများ၊ နွမ်းပါးသူများအတွက် လိုအပ်သည့် အရင်းအနှီးများ ချေးယူနိုင်ရန် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများကို စိတ်တူကိုယ်တူရှိသော လုပ်ငန်းရှင်များနှင့် အရင်းအနှီး လိုအပ်သူများကိုယ်တိုင် ထည့်ဝင်နိုင်သည့် စုငွေများ ထည့်ဝင်မတည်ရင်းနှီးပြီး အရင်းအနှီး လိုအပ်သူများအား ငါးဦးလျှင် တစ်ယောက်နှုန်း ဝိုင်းကြီးချုပ်စနစ်ဖြင့် သင့်လျော်သည့် အရင်းအနှီးများ ထုတ်ချေးရန်ဖြစ်ကြောင်း၊ မည်သည့်ပုဂ္ဂိုလ်မဆို စိတ်ရင်းစေတနာမှန်စွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြောင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအတွင်း အမှန်တကယ် အရင်းအနှီးလိုအပ်သူများအား အောက်ခြေအထိဆင်းပြီး စေတနာဖြင့် မှန်မှန်ကန်ကန် ကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ် ၁၃ မြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များနှင့် ညနေ ၃ နာရီတွင် တွေ့ဆုံပြီး အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ရေးအတွက် မတည်ရင်းနှီးငွေများရရှိမှု၊ ရင်းနှီးငွေရယူလိုသည့် တောင်သူလယ်သမားများနှင့် လက်လုပ်လက်စားများ အခြေအနေတို့ကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သန်လျင်မြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာအုပ်စု ဓာတ်အားခွဲရုံ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာအုပ်စု (၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ) ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်က ဓာတ်အားခွဲရုံ တည်ဆောက်ဖွင့်လှစ်ရခြင်းအကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က လုပ်ငန်းတည်ဆောက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား အင်းလေးဒေသ မီးလင်းရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်တို့က ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)**ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဓာတ်အားခွဲရုံ၏ မိန်းခလုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ နံနက်ခင်းသတင်း
၇း၂၀ ၃။ FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဘရာဇီးနှင့် ဩစတြီးယား)
၉း၀၀ ၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ "ကလေးများအတွက် အကောင်းဆုံး"
၄း၃၅ ၄။ "ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်"
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ရူက္ခဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ အကပြိုင်ပွဲ
၅း၂၀ ၈။ ကြေးမုံရိပ်သွင် တေးနှုယဉ်
၅း၃၀ ၉။ "ရွှေမျက်ပါး(ခေါ်) ရွှေဆိုင်းလုပ်ငန်း"
၅း၄၅ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၀ ၁၄။ ဆိုလိုက်ကြစို့
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၁၄)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ရယ်စရာဟာသများ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၂၀)**
၂၁။ အစီအစဉ်ပြီး၏။

ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း တိုက်(၂၇၁)နေ မခိုင်ခိုင်နွဲ့ရွှေက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့ လက်ခံစဉ်။ (ကြေးမုံ)

နမ့်ခမ်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီကောက်စိုက်သရုပ်ပြပွဲ အခမ်းအနားကျင်းပ

နမ့်ခမ်း ဩဂုတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက တောင်သူ ဦးဘအေး၏ လယ်မြေတွင် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီကောက်စိုက်သရုပ်ပြပွဲ အခမ်းအနား ကျင်းပသည်။ (အောက်ဝဲပုံ)

အဆိုပါ အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းငွေက လယ်/ယာ စိုက်ပျိုးရန် မြေပြင်ခြင်းနှင့် စပါးသီးနှံစိုက်ပျိုးရန် အထူးအထွက်တိုးနည်းစနစ် (၁၄) ချက်နှင့်အညီ ကောက်စိုက်ခြင်းအား လက်တွေ့သရုပ်ပြ ရှင်းလင်းသည်။ ယင်းနောက် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက ကောက်စိုက်လုံမေများအား ဂုဏ်ပြုဆုချီးမြှင့်ပေးပြီး ကောက်စိုက်ခြင်းအား ကြည့်ရှုအားပေးသည်။ အခမ်းအနားသို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူများ စုစုပေါင်းအင်အား ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း **အောဝမ်းစိုး**

တရုတ်မင်းသား အန်ဒီလျူနှင့် မင်းသမီး ဖန်ပင်ပင်း ကိုရီးယားသွားမည်

နာမည်ကျော် တရုတ်မင်းသား အန်ဒီလျူနှင့် မင်းသမီး ဖန်ပင်ပင်းတို့သည် ၎င်းတို့ပါဝင်သရုပ်ဆောင်ထားသည့် ရုပ်ရှင်ဇာတ်ကားသစ် အရောင်းမြှင့်တင်ရေး ပြုလုပ်ရန် ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ရုပ်ရှင်ဇာတ်ကား အရောင်းမြှင့်တင်ရေးကုမ္ပဏီ KJH က ဩဂုတ် ၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

KJH ကုမ္ပဏီက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားရာ၌ မင်းသား အန်ဒီလျူနှင့် မင်းသမီး ဖန်ပင်ပင်းတို့သည် ၎င်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် Shaolin (ရှောင်လင်) ဇာတ်ကား အရောင်းမြှင့်တင်ရေးအတွက် ဒေသခံမီဒီယာများနှင့် တွေ့ဆုံရန် ဩဂုတ် ၁၁ ရက်တွင် ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်းနှင့် ယင်းဇာတ်ကားကို ဩဂုတ် ၂၅ ရက်တွင် စတင်ဖြန့်ချိ ပြသမည်ဖြစ်ကြောင်း ပြောကြားသည်။

Shaolin ဇာတ်ကား **(ယာပုံ)** ကို ဒါရိုက်တာ ဘန်နီချန်းက ရိုက်ကူးပြီး မင်းသား အန်ဒီလျူ၊ မင်းသမီး ဖန်ပင်ပင်းတို့နှင့်အတူ ဟောင်ကောင်အက်ရှင်မင်းသား ဂျက်ကီချန်းလည်း ပါဝင်သရုပ်ဆောင်ထားသည်။

အန်ဒီလျူသည် ဟောင်ကောင်ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်သကဲ့သို့ သရုပ်ဆောင်၊ရုပ်ရှင်ထုတ်လုပ်သူအဖြစ် ၁၉၈၀ ခုနှစ်ကတည်းက အောင်မြင်မှုရရှိနေသူဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားပေါင်း ၁၆၀ ကျော် ပါဝင်သရုပ်ဆောင်ထားပြီးဖြစ်သည်။

မင်းသမီး ဖန်ပင်ပင်းသည်လည်း ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်ပြီး ၁၉၉၈ ခုနှစ်က ရုပ်သံဇာတ်လမ်း Princess Pearl တွင် စတင်ပါဝင်သရုပ်ဆောင်ခဲ့ကာ ၂၀၀၇ ခုနှစ်က Contract Love၊ ၂၀၀၉ ခုနှစ်က Bodyguards and Assassins၊ ၂၀၁၀ ခုနှစ်က Just Another Pandora's Box ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ထို့ပြင် ဖန်ပင်ပင်းသည် မကြာသေးမီက ကိုရီးယားဒါရိုက်တာ ကန်ဂျီဂူး၏ ပထမဆုံးဟောလိဝုဒ်စစ်ကား My Way တွင် ကိုရီးယားမင်းသား ဂျန်ဒေါင်းဂန်၊ ဂျပန်မင်းသား အိုဒါဂီရိဂျိုးတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားသည်။

အင်တာနက်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် နွားထိုးကြီးမြို့နယ်၌ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဇူလိုင် ၂၄ ရက်တွင် နွားထိုးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ အောင်သူရိန်ခန်းမ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်(၈)ရပ်ကို နွားထိုးကြီးမြို့နယ် ကျေးရွာတစ်ခုချင်းအလိုက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ တွေ့ကြုံလာနိုင်သည့် အခက်အခဲများအား ရင်ဆိုင်ကျော်လွှားနိုင်မည့် အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ လယ်ယာထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လောင်းကစားမှုပပျောက်ရေးတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုံးတော-သမန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်အားပေးသည်။ ယခုဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သည် အလျားပေ ၁၀၀၊ အနံ ၃၆ ပေနှင့် အမြင့်ပေ ၃၀ ရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ကျောင်းသားဦးရေ ၃၀၀ ကျော် တက်ရောက်ပညာသင်ကြားနိုင်သည့် ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နွားထိုးကြီးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွက် လိုအပ်သော ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်တင်းရေးနှင့် ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ ဆေးကုသမှုခံယူလျက်ရှိသော လူနာများကို အားပေးစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် နွားထိုးကြီးမြို့ ပြည်သူ့ဆေးရုံအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက်က ဗဟိုစံပြကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်နာယက ဦးထွန်းရွှေ(ထွန်းရွှေဝါတိုင်းရင်းဆေးလုပ်ငန်း)က တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ မောင်ပြည့်ဖြိုးအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၄၁)

ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်ရှိ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲနှင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)တို့ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ လမ်းအသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်၊ အနှေးယာဉ်၊ ခြေကျင်လျှောက်သူများ စည်းကမ်းတကျသွားလာစေရေးအတွက် စည်းကမ်းပျက်ယာဉ်များကို စစ်ဆေးအရေးယူ ပညာပေးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များက လှည့်လည်ကြပ်မတ်စစ်ဆေးခဲ့ပြီး ပညာပေးရန်၊ အရေးယူရန် နည်းလမ်းများကို မှာကြားခဲ့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၆း၃၀ ပဌာန်းပါဠိတော်+မေတ္တသုတ်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၃)**
- ၇း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Argentina Vs England) (LIVE)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်" (အပိုင်း-၂၅)**
- ၁၀း၂၀ MRTV-4 7th Anniversary Live Show [Day-1(Part-1)]
- ၁၁း၀၅ ဒါနရနံ့တို့သင်းကာဆောင် တောင်စွန်းမြို့မှသော်ကမြောင်
- ၁၁း၂၀ "မဟာဂန္ဓာရုံကျောင်းတိုက်မှ အလှူဒါန"(အမရပူရမြို့)
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ အားကစားနှင့်ဆက်နွယ်သော ပခုံးအဆစ်ထိခိုက်ဒဏ်ရာရခြင်း ကျန်းမာရေးဟောပြောပွဲ
- ၁၂း၁၅ သင်ကြားရေးလမ်းညွှန်
- ၁၂း၄၀ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ. . .
- ၁း၀၀ "အရှာပြင်ပါ"တရားတော် (ဆရာတော်ဘဒ္ဒန္တဝေပုလ္လဇောတိ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ အသည်းအစားထိုး ကုသခြင်းအကြောင်း (ဒေါက်တာခင်မောင်ဝင်း)
- ၂း၄၀ Cartoon Show Time
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၃)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်" (အပိုင်း-၂၅)**
- ၄း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "လာထားအာဘွား-၂"
- ၅း၁၅ Activities in The City
- ၅း၂၅ The Champion of Dance
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၄)**
- ၇း၀၀ MRTV-4 7th Anniversary Live Show [Day-1(Part-2)]
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Celebrity Choice
- ၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်" (အပိုင်း-၂၆)**
- ၁၀း၂၀ FIFA U-20 WORLD CUP COLOMBIA 2011 (Mexico Vs Korea DPR) (DELAY)
- ၁၂း၀၅ ရင်နှစ်ပန်းတို့လန်းစေချင် (ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ) -ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
- ၁၂း၁၅ မြန်မာအကွာရာ အသုံးပြုနိုင်သော CDMA Mobile Phone
- ၁၂း၃၀ Man And The Elephant (အပိုင်း-၁)
- ၁၂း၅၀ ဒစ်ဂျစ်တယ်အလှကမ္ဘာ
- ၁း၀၅ နှယဉ်ဆန်းထွင် သစ်သီးအလှဆင်
- ၁း၂၅ ရေသန့်ဆိုသည်မှာ. . .
- ၁း၄၀ ဓာတ်ကြွင်းအာနိသင်ကင်းစေဖို့ တမာပိုးသတ်ဆေးသုံးကြစို့
- ၂း၀၀ FIFA U-20 WORLD CUP COLOMBIA 2011 (Brazil Vs Austria) (DELAY)
- ၃း၄၅ ခရီးတစ်ထောက်နားခိုစရာ
- ၃း၅၀ "ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့" တောင်စွန်းမြို့ဦးပရဟိတ လူငယ်စောင့်ရှောက်ရေးဌာန
- ၄း၁၀ ရှေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘောင်တော်မှာ
- ၄း၂၀ အလှဆင်စရာပရိဘောဂကမ္ဘာ
- ၄း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Korea Republic) (LIVE)

ပြည်သူ့ရေးရာ အရာရှိသင်တန်းဆင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(ယခင်ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း) ဖောင်ကြီး ပြည်သူ့ရေးရာ အရာရှိသင်တန်း အောင်ဆန်း(၁)မှ သင်တန်းဆင်းအရာရှိများ တွေ့ဆုံပွဲကို ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ နေရပ်လိပ်စာ ဆက်သွယ်ပေးပို့ခြင်း မပြုရသေးသူများသည် တွေ့ဆုံပွဲကျင်းပရေးအဖွဲ့ဝင် ဦးသောင်းကြည် ဖုန်း-၀၁-၅၀၁၇၃၆၊ ၀၁-၅၀၀၇၂၈နှင့် ဦးစံမြင့် ဖုန်း-၀၉-၇၃၀၂၅၂၇၉ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဘီးလင်း ဩဂုတ် ၁

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းနှင့် မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၄ရက် နံနက်ပိုင်းက ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာနှင့် ဇုတိက္ကလိကျေးရွာချင်းဆက်လမ်း၌ စပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

သစ်ပင်စိုက်ပျိုးပွဲတွင် ဘီးလင်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးလှိုင်တို့ ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများက ကျွန်းပင် ၃၀၀၊ မဟော်ဂနီပင် ၁၀၀ ၊ အော်ရီရှားပင် ၁၀၀ စုစုပေါင်းအပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ (မြို့နယ် ပြန်/ဆက်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

စက်ချွတ်ယွင်းသည့်ကုန်တင်ယာဉ်ကြောင့် လမ်းဆုံမီးပွိုင့်တွင် ယာဉ်လေးစီးဆင့်တိုက်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဗဟိုလမ်းနှင့် လမ်းသစ်လမ်းဆုံ မီးပွိုင့်တွင် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က မော်တော်ယာဉ်လေးစီးဆင့်တိုက်မှုဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဗဟိုလမ်းအတိုင်း တောင်မှ မြောက်သို့ ယာဉ်မောင်း ဦးကျော်စိုးလှိုင် မောင်းနှင်လာသော (၁၂ ဘီးကား) ကုန်တင်ယာဉ် အမှတ် (၇ခ-----) သည် စက်ချွတ်ယွင်းပြီး ဗဟိုလမ်းနှင့် လမ်းသစ်လမ်းဆုံမီးပွိုင့် အရောက်တွင် မီးနီ၍ရပ်ထားသော ဦးကျော်ဆန်းမြင့် မောင်းနှင်သည့် စူပါရှုဖ်ဗင်ယာဉ်အမှတ် (၄က-----) အား နောက်မှဝင်တိုက်ရာ စူပါရှုဖ်ဗင်က ရှေ့တွင်ရပ်ထားသော ဦးငြိမ်းချမ်း မောင်းနှင်သည့် (မထသ) (၄၅) လိုင်းမှ ခရီးသည်တင် ဘတ်စ်ကားကို လည်းကောင်း၊ ထိုခရီးသည်တင် ဘတ်စ်ကားမှ ထပ်မံ၍ ၎င်းရှေ့တွင် ရပ်ထားသော ဦးသောင်းလှိုင်ဦး မောင်းနှင်သည့် ဒိုင်နာယာဉ်အမှတ် (၇က -----)အား လည်းကောင်း ဆင့်ကဲဆင့်ကဲ တိုက်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း၊ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ (၁၂ ဘီးကား ကုန်တင်ယာဉ်) ယာဉ်မောင်း ဦးကျော်စိုးလှိုင်အား ယာဉ်မှုစစ်က လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ဆိုင်ကယ်တစ်စီး တိမ်းမှောက် လူသုံးဦးသေဆုံး

ရမည်းသင်း ဩဂုတ် ၁

ရမည်းသင်းမြို့နယ် အင်ကြင်းကန်ရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ဇူလိုင် ၂၁ ရက်က ဆိုင်ကယ်တိမ်းမှောက်၍ လူသုံးဦးလဲကျနေကြောင်း သတင်းရရှိ၍ ရဲအုပ်သိန်းဝင်းနှင့် တာဝန်ရှိသူများ သွားရောက် စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၀၁/၆)နှင့် (၃၀၁/၇)အကြားတွင် ပျော်ဘွယ်မြို့နယ် မင်းရာမ လမ်းအသုံးပြုကောက်ခံရေး သော်တာဝင်းကုမ္ပဏီဝန်ထမ်းများဖြစ်သည့် ကျော်စွာရှိန်(၂၃)နှစ်က ကျော်မျိုးသူ (၁၈)နှစ်နှင့် ဇေယျာလတ်(၂၂) နှစ်တို့အား တင်ဆောင်၍ KENBO 110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်ဖြင့် မြောက်မှ တောင်သို့ မောင်းနှင်လာရာမှ လမ်းချော်ကာ ဆိုင်ကယ်တိမ်းမှောက်ပြီး ၎င်းတို့သုံးဦးအခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ဇူလိုင် ၂၁ ရက် တွင် ရဲအုပ်သိန်းဝင်းက အမှုဖွင့်ခဲ့ရာ ရမည်းသင်းရဲစခန်း (ပ)၁၈၄/ ၂၀၁၁ ပုဒ်မ ၃၀၄/က အရ အမှုဖွင့်ထားပြီး ဒုတိယရဲအုပ် နေလင်းထွန်းက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၆၅၄)

✳ ကျောဖုံးမှ

သီရိခေတ္တရာခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးစပါးရာသီ စိုက်ပျိုးစရိတ်၊ မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ ပြည်ခရိုင် လယ်ယာကုန်ထုတ်ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ခြင်းနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးသည် ပြည်တွင်း ပြည်ပဈေးကွက်ဝင် ဆန်စပါးမျိုးများ ဖြစ်ထွန်းအောင်မြင်နိုင်သော ရေ၊ မြေ၊ ရာသီဥတုနှင့်ဆည်မြောင်းတာတမံများ ပြည့်စုံသဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍတွင် အဓိကကျသော တိုင်းဒေသကြီးများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံတော်က ယနေ့အထူး ဦးစားပေးဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချမှတ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်ကြီး(၈)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသင်းအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာလုပ်ငန်းအတွက် လိုအပ်သော စက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် အထူးပြုကုမ္ပဏီများက ချေးငွေထုတ်ပေးလျက်ရှိသဖြင့် တစ်ဦးချင်းမဝယ်ယူနိုင်ပါက စုပေါင်းဝယ်ယူအသုံးပြုရန်၊ လူအားဖြင့် ဆောင်ရွက်ခြင်းထက် စက်ဖြင့်ဆောင်ရွက်ခြင်းသည် တိုးတက်မှုနှင့် အကျိုးဖြစ်ထွန်းမှု များစွာကွာခြားသဖြင့် လယ်ယာလုပ်ငန်းများတွင် အလေအလွင့် လျော့ကျစေရန်နှင့် ထုတ်လုပ်မှုတိုးတက်စေရန် စက်ကိရိယာများ၏ အားသာချက်များကို သိရှိအသုံးပြုရန်စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ခေတ္တရာဟသ်ာအထူးပြုကုမ္ပဏီက ပြည်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ တောင်သူဦးရေ ၁၀၆၂၃ ဦးနှင့် စိုက်ပျိုးဧက ၄၉၂၈၅ အတွက် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများအဖြစ် ချေးငွေစုစုပေါင်းတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၃၇၈၂ သိန်း၊ စပါးအခြောက်ခံစက်များ ဝယ်ယူရန် ချေးငွေကျပ်သိန်းပေါင်း ၃၅၂၅ သိန်း၊ ခေတ်မီတန် ၅၀ ကျ ဆန်စက် ၁၀ လုံးအတွက် အထူးအစီအစဉ်ဖြင့် ချေးငွေကျပ်သိန်းပေါင်း ၄၅၀၀၊ လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများ ဝယ်ယူရန် ချေးငွေကျပ်သိန်းပေါင်း ၂၇၃၇ သိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မှော်ဘီဆန်စပါးသင်တန်းကျောင်းမှ ထူးချွန်ကျောင်းသား ၁၀ ဦးအတွက် ဆုချီးမြှင့်ငွေကျပ်ငါးသိန်း၊ ပြည်ခရိုင်လယ်ယာကုန်ထုတ်ဖွံ့ဖြိုးရေးအသင်းများတွင် ခေတ်မီတစ်ဧကကွက်များ ဖော်ထုတ်ခြင်းအတွက် ထောက်ပံ့ပေးအပ်ငွေကျပ်သိန်း ၂၀၀၊ ပြည်ခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်များသို့ တက်ရောက်မည့် ပညာသင်စရိတ်အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် ခေတ္တရာဟသ်ာပညာသင်ဆုနှင့် ပညာသင်စရိတ်ထောက်ပံ့မှုငွေပဒေသာပင်စိုက်ထူလှူဒါန်းငွေကျပ်သိန်း ၂၀၀၊ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးနှင့် နွေစပါးရာသီများတွင် ချေးငွေအစောဆုံးပြန်လည်ပေးဆပ်သော ကျေးရွာအုပ်စု ၁၀ စုအတွက် ဆုချီးမြှင့်ငွေကျပ် ၁၀သိန်း၊ ပြည်ခရိုင်အတွင်းရှိ ဖွံ့ဖြိုးမှု နည်းပါးသော ပန်းတောင်းမြို့နယ်ဆေးရုံနှင့် ပေါက်ခေါင်းမြို့နယ်ဆေးရုံတို့အတွက် လှူဒါန်းငွေကျပ်သိန်း ၅၀ စုစုပေါင်းချေးငွေနှင့် ထောက်ပံ့ငွေကျပ် သုံးဘီလီယံကို ခေတ္တရာ ဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များက တာဝန်ရှိသူများထံ အသီးသီးပေးအပ်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီရိခေတ္တရာရတနာခန်းမ၌ ခေတ္တရာဟသ်ာ ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်က ခင်းကျင်းပြသထားသော ခေတ်မီ တန် ၅၀ ကျဆန်စက်၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်အကြီးများ၊ တစ်ပိုင်တစ်နိုင် ခြွေလှေ့စက်များ၊ ရေစုပ်စက်များနှင့် ဧရာဟသ်ာကုမ္ပဏီမှ ထုတ်လုပ်သော အဆင့်မြင့်ဆန်များ၊ ဒေသထွက်ကုန် ယိုမျိုးစုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆင်မကြက်ကျေးရွာရှိ မြရတနာသစ်သီးယိုမျိုးစုံလုပ်ငန်းသို့ သွားရောက်ပြီး ပြည်ခရိုင်အတွင်းရှိ ယိုမျိုးစုံလုပ်ငန်းရှင် ၃၀ နှင့် တွေ့ဆုံကာ ပြည်ခရိုင်အတွင်း ယိုမျိုးစုံလုပ်ငန်း ဆောင်ရွက်သူများအသင်းဖွဲ့စည်းရန်၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော ရင်းနှီးငွေများအား အထူးပြုကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်သူများက အထူးဂရုစိုက် ဝီရိယထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းမမြို့နယ်ခွဲ ပြားစည်ကျေးရွာရှိ စိန်မိသားစု အင်းမပုဆိုးနှင့် မဝတ်လုံချည် ထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိပြီး ရက်ကန်းလုပ်ငန်း ဆောင်ရွက်သူ ၁၀၀ နှင့် တွေ့ဆုံ၍ အင်းမလုံချည်ကို ဒေသထွက်ကုန်အဖြစ် ရေရှည်ရပ်တည်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ လိုအပ်သော ရင်းနှီးငွေကို သမဝါယမဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိနိုင်ရေး ဆောင်ရွက်ရန်၊ ပြည်ပပို့ကုန်အထိ တင်ပို့နိုင်ရေးအတွက် ပြည်တွင်းပြည်ပ ကုန်စည်ပြပွဲများတွင် အင်းမချည်ထည်များ ပါဝင်ပြသနိုင်ရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်သူများက ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် သရက်တပင်ကျေးရွာအုပ်စု ဝက်ကော်ကျေးရွာရှိ ဝေဠု ဝါးဦးထုပ် ကုန်ထုတ်သမဝါယမလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဝက်ကော်ကျေးရွာအတွင်းရှိ ဝါးဦးထုပ်လုပ်ငန်းရှင်နှင့် လုပ်သား ၁၅၀ တို့အား တွေ့ဆုံ၍ ယခုထက် အရည်အသွေးနှင့် အရေအတွက် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ပြီး ဈေးကွက်ချဲ့ထွင်နိုင်ရေးကြိုးစားရန်၊ ပတ်ဝန်းကျင်ကျေးရွာများသို့ပါ လက်ခစားပေး၍ လုပ်ငန်းဖြန့်ကြက်ရန်နှင့် ကျေးလက်နေ ကလေးများအား ပညာဗဟုသုတ ကြွယ်ဝစေနိုင်ရန်အတွက် မိဘများက မြေတောင်မြှောက်ပေးရန် စသည်တို့ကို မှာကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ကြို့ပင်ကောက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသော ရွှေဝါဟသ်ာဆန်စပါးအထူးပြုကုမ္ပဏီ၏ ၂၀၁၁ ခုနှစ် မိုးစပါးရာသီအတွက် စိုက်ပျိုးစရိတ်၊ မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်များရှိ ကျေးရွာအုပ်စု ၃၆ ရွာ၊ စိုက်ဧက ၂၅၀၀၀ အတွက် စိုက်ပျိုးစရိတ်နှင့် မျိုးစပါးပံ့ပိုးငွေတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၂၄၈၅ သိန်း၊ ကြို့ပင်ကောက်၊ အုတ်ဖိုနှင့် မိုးညိုမြို့နယ်များတွင် မျိုးစပါးစံပြစိုက်ကွက် စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ပံ့ပိုးငွေကျပ် သိန်း ၂၅၀ ၊ လယ်ယာလုပ်ငန်းခွင်သုံး ခြွေလှေ့စက်၊ လက်တွန်းထွန်စက်များအတွက် ချေးငွေကျပ် ၁၂၃၅ သိန်း၊ ဆန်စက်များ ခေတ်မီယူနစ်အစိတ်အပိုင်းများပြောင်းလဲ တပ်ဆင်ခြင်းအတွက် ချေးငွေကျပ်သိန်း ၂၂၅၀၊ ကျေးရွာအလိုက် လယ်ယာကုန်ထုတ်လုပ်ငန်းအသင်းများ ဖွဲ့စည်းနိုင်ရန် မတည်ငွေကျပ်သိန်း ၅၀၀ ၊ ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လှူဒါန်းငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်ပြီး တောင်သူများထံ စိုက်ပျိုးရေးနည်းပညာပေး စာအုပ်များကိုလည်း ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် မွန်ပြည်နယ်ဂုဏ်ဆောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်

နေပြည်တော် ဩဂုတ် ၁

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်အတွင်း ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပြည်နယ်ဂုဏ်ဆောင်ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်အနေဖြင့် ပညာရေးကဏ္ဍတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ လေးနှစ်ဆက်တိုက် မြန်မာတစ်နိုင်ငံလုံးအောင်ချက်အကောင်းဆုံး (ပထမဆု)ကို ဆွတ်ခူးရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ လာမည့်နှစ်တွင် ယခုကဲ့သို့အောင်မြင်မှုရရှိအောင် ဆက်လက်ကြိုးပမ်း အားထုတ်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာလှဦးက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေက ၂၀၁၁ ခုနှစ် မွန်ပြည်နယ်ဂုဏ်ဆောင် ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ခြောက်ဘာသာဂုဏ်ထူးရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ငါးဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွန်ပြည်နယ်အတွင်း အောင်ချက်အကောင်းဆုံးဆုရ မြို့နယ်သုံးမြို့နယ်အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက လည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၁၀ ဦးနှင့် လေးဘာသာဂုဏ်ထူးရရှိသူ ၆၅ ဦးတို့အား ပြည်နယ်ဝန်ကြီးများက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသော ကျောင်းငါးကျောင်းမှ ဆရာ၊ ဆရာမများအား ပြည်နယ်ပညာရေးမှူးက ဝတ်စုံစရိတ်များထောက်ပံ့ပေးအပ်ပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၁၁ ခုနှစ် မွန်ပြည်နယ်ဂုဏ်ဆောင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ စုစုပေါင်း ငွေကျပ် ၂၄၉ သိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်အတွင်း ထူးချွန်စွာအောင်မြင်ခဲ့သည့် ပြည်နယ်ဂုဏ်ဆောင် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

❍ နေရောင်ခြည်စွမ်းအင်သုံးမှ

ဂျူနိုအာကာသယာဉ်ကို ဩဂုတ် ၅ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၄ မိနစ်(ဂရင်းနစ်စံတော်ချိန် ၁၅ နာရီ ၃၄ မိနစ်)တွင် စတင်လွှတ်တင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ နာဆာဌာနချုပ်ရှိ ဂြိုဟ်များလေ့လာရေးသိပ္ပံဌာန ညွှန်ကြားရေးမှူး ဂျင်ဂရင်းက ပြောကြားသည်။

နေစကြဝဠာအတွင်းရှိ ထုထည်အကြီးမားဆုံး ဂြိုဟ်တစ်လုံးဖြစ်သော ကြာသပတေးဂြိုဟ်ကို လေ့လာရန် ဂျူနိုအာကာသယာဉ်သည် ငါးနှစ်ကြာ ခရီးနှင်မည်ဖြစ်သည်။ အဆိုပါ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်ကို တစ်နှစ်ကြာ လှည့်ပတ်ပျံသန်းနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ဝင်ရိုးစွန်းအနီး လှည့်ပတ်ပျံသန်းမှုကို ပထမဆုံးအကြိမ် ပြုလုပ်နိုင်မည်ဟု နာဆာက မျှော်လင့်သည်။

ဥရောပအာကာသအေဂျင်စီ၏ မိတ်ဖက်နိုင်ငံများဖြစ်ကြသော အီတလီ၊ ဘယ်လ်ဂျီယမ်နှင့် ပြင်သစ်နိုင်ငံတို့က ထောက်ပံ့ပေးခဲ့သော ကိရိယာအချို့ အပါအဝင် ကိရိယာအမျိုးမျိုးအား အသုံးပြုကာ ကြာသပတေးဂြိုဟ်ကို စူးစမ်းလေ့လာမည်ဖြစ်သည်။ ကြာသပတေးဂြိုဟ်၌ ရေမည်မျှရှိသည်ကို လည်းကောင်း၊ ယင်းဂြိုဟ်၏ အလယ်ဗဟို၌ မည်သည့် ဒြပ်ပစ္စည်း များဖြင့် ဖွဲ့စည်းထားသည်ကို လည်းကောင်း ဂျူနိုအာကာသယာဉ်က လေ့လာမည်ဖြစ်သည်။ **အင်တာနက်။**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် မန္တလေးမြို့ရှိ ဝန်ကြီးဌာန၏လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဌာနပိုင်သင်္ဘောကျင်းများနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်များ၊ မန္တလေးမြို့ဆိပ်ကမ်းနှင့် ဧရာဝတီမြစ် ရေလမ်းကြောင်း ထိန်းသိမ်းဆောင်ရွက်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးသင်္ဘောကျင်း အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်ရန် အစဉ်အလေးထားဆောင်ရွက်ရေး၊ ဝန်ဆောင်မှုနှင့် စစ်ဆေးကြပ်မတ်ပေးရန် တာဝန်ရှိသည့် အဖွဲ့အစည်းများအနေဖြင့် စနစ်တကျအလေးထား ဆောင်ရွက်ရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပွားစေရေး၊ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် စိတ်ဓာတ်၊ စည်းကမ်းရှိရှိ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားနှင့် စေတနာအမှန်ကိုသိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ

လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေခြင်း၊ တပ်မတော်အနေဖြင့်လည်း ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိနေချိန်တွင် နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်လာကြသော သောင်းကျန်းသူအဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ရပ်များအပေါ် ၎င်းတို့ကိုယ်တိုင် ယုံကြည်မှုမရှိခြင်းနှင့် မှန်ကန်ကောင်းမွန်မှုမရှိသော မှားယွင်းသည့်လုပ်ရပ်များအဖြစ် နားလည်သဘောပေါက်လာကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်၏ ရင်ခွင်သို့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၁၁ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း-

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် KIA (ကချင်)အဖွဲ့မှ တပ်သား ရန်နောင်စိုး၊ တပ်သား စိုင်းလင်းနှင့် တပ်ကြပ် ထမိုင်ဆင်ရမ်တို့သည်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် UWSA(ဝ) အဖွဲ့မှ တပ်သား အိုက်ပလိပ်(ခေါ်) အိုက်စံသည်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် SSA (ရှက်ဆစ်) သောင်းကျန်းသူအဖွဲ့မှ တပ်သားဘောရယ်သည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ် (၁)လက်၊ ၎င်းကျည်(၁၁၇)တောင့်၊ ကျည်အိမ်(၄)ခုဖြင့်လည်းကောင်း၊

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် KNPP သောင်းကျန်းသူအဖွဲ့မှ တပ်သား ကျော်ခူသည် ဘီအေ-၆၃ မောင်းပြန်ရိုင်ဖယ် (၁)လက်၊ ကျည်(၅)တောင့်၊ ကျည်အိမ်(၁)ခုဖြင့်လည်းကောင်း၊ တောတွင်းလက်နက်ကိုင်(သူရိန်)အဖွဲ့မှ ခွဲမှူး မိုးကျော်နှင့် တပ်သားမိုးဇော်တို့သည်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် KNU သောင်းကျန်းသူအဖွဲ့မှ ဒုတပ်ကြပ် စောဖိုးဆေးသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်(၁)လက်၊ ကျည်(၈)တောင့်၊ ကျည်အိမ်(၁)ခု၊ ဗိုလ်မိုးသီးသည် ၉ မမ ပစ္စတို(၁)လက်၊ ကျည်(၁၆)တောင့်၊ ကျည်အိမ်(၁)ခု၊ လက်ပစ်ဗုံး(၂)လုံး၊ လမ်းလျှောက်စကားပြောစက် (၁)လုံးတို့ဖြင့် လည်းကောင်း၊ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် KNU သောင်းကျန်းသူအဖွဲ့မှ တပ်ကြပ်စောဖားတန့်(ခေါ်) ရိုမန်သည် ပွိုင့်-၄၅ ပစ္စတို(၁)လက်၊ ကျည်(၈)တောင့်၊ ကျည်အိမ်(၁)ခုဖြင့်လည်းကောင်း၊ ဒုဗိုလ် စောတာဆိတ်ဆိတ်သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်(၁)လက်၊ ၎င်းကျည်(၁၀)တောင့်၊ ကျည်အိမ်(၁)ခု ဖြင့်လည်းကောင်း၊

အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေတွင် KIA (ကချင်)အဖွဲ့မှ တပ်သားမော်လမယ်ဆီသည် လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် KNU သောင်းကျန်းသူအဖွဲ့မှ တပ်သားစိုင်းဗေဒါ(ခေါ်) ဇော်လင်းမောင်သည် ပွိုင့် ၃၀ ကာဘိုင်(၁)လက်၊ ၎င်း ကျည် (၁၃၂)တောင့်၊ ကျည်အိမ်(၅)ခုတို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလများအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၁၇ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၅၈ လက်မ၊ ရေးမြို့တွင် ၇ ဒသမ ၆၀ လက်မ၊ သထုံမြို့တွင် ၇ ဒသမ ၄၀ လက်မ၊ ကျိုက်မရောမြို့တွင် ၆ ဒသမ ၉၃ လက်မ၊ ပလက်ဝမြို့တွင် ၅ ဒသမ ၉၁ လက်မ၊ ဘားအံမြို့တွင် ၅ ဒသမ ၄၃ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၃၁ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၈၄ လက်မ၊ ဖြူးမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၉၈ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ရမည်းသင်းမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ကျောက်ပန်းတောင်းမြို့တွင် ၂ ဒသမ ၄၆ လက်မ နှင့် ချောက်မြို့တွင် ၁ ဒသမ ၉၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

အသင်းကြီးများအားလုံး နိုင်ပွဲရခဲ့သည့် ဒုတိယအကျော့အဖွင့်ပွဲစဉ်များ

ရန်ကုန် ဩဂုတ် ၁

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့အဖွင့်ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၊ KBZ ကွင်း၊ မုံရွာကွင်းနှင့် ဗထူးကွင်းတို့၌ စတင်ကျင်းပရာ ရန်ကုန်ယူနိုက်တက်၊ ကမ္ဘောဇ၊ ဇေယျာရွှေမြေနှင့် ရတနာပုံတို့ နိုင်ပွဲများအသီးသီးရရှိခဲ့ကြသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် **တစ်ဂိုး**

(ဟန်ဆန်)

နေပြည်တော် **ဂိုးမရှိ**

ရာသီဝက်ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းမှာ ဒုတိယအကျော့ အဖွင့်ပွဲစဉ်တွင် သုံးမှတ်အပြည့်ရယူပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပထမအကျော့အပြီးတွင် နည်းပြချုပ်နေရာနှင့် နိုင်ငံခြားသားကစားသမားအချို့ကို အပြောင်းအလဲလုပ်ထားသည့် နေပြည်တော်အသင်းမှာ ရန်ကုန်အသင်းထံမှ အမှတ်ရရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ နေပြည်တော်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းအနေဖြင့် အသင်းဟောင်းနှင့် ပြန်လည်ရင်ဆိုင်ရာတွင် ရလဒ်ကောင်းရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ရန်ကုန်အသင်းမှာ ဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးကို ပထမပိုင်းပြီးခါနီးတွင် နောက်ခံလူ ဟန်ဆန်က ထောင့်ကန်ဘောမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။

(KBZ ကွင်း)

ကမ္ဘောဇ **တစ်ဂိုး**

(စိုးမင်းဦး)

မနောမြေ **ဂိုးမရှိ**

ပွဲချိန် ၅၇ မိနစ်တွင် တိုက်စစ်မှူး စိုးမင်းဦးသွင်းယူသော ဂိုးဖြင့် အိမ်ရှင်ကမ္ဘောဇတို့ အမှတ်ပြည့်ရရှိသွားသည်။ ယခုနှစ်တွင် မနောမြေနှင့် တွေ့ဆုံတိုင်း အနိုင်မရခဲ့သည့် အစဉ်အလာကို ကမ္ဘာဇတို့ ချိုးဖျက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ကြပြီးပွဲမှာ အပြန်အလှန်ရှိခဲ့သည်။

(မုံရွာကွင်း)

ဇေယျာရွှေမြေ **တစ်ဂိုး**

(ဒါဆေးဗား)

ဇွဲကပင်ယူနိုက်တက် **ဂိုးမရှိ**

(ဗထူးကွင်း)

ရတနာပုံ **တစ်ဂိုး**

(အက်စလေ)

ရက္ခပူရယူနိုက်တက် **ဂိုးမရှိ**

(KBZ ကွင်း)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မကွေး **ရောဝတီယူနိုက်တက်**

(အောင်ဆန်းကွင်း)

ဉဿာယူနိုက်တက် **Southern Myanmar**

လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာ Senior PGA တို့ ပူးပေါင်းကျင်းပမည့် မြန်မာ Senior PGA ဂေါက်သီးရိုက် ပြိုင်ပွဲများအတွက် လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ လည်းကောင်း၊ ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အပျော်တမ်းအဆင့် (H' Cap 0-14) ရှိ အမျိုးသားအားလုံးသည် ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက် (၅၀)ပြည့်ပြီးသူများသာ ဖြစ်ရမည်။ လက်ရည်စစ်ပွဲ အောင်မြင်သူများသည် မြန်မာ Senior PGA ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

မန္တလေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ရန်ကုန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားများသည် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍လည်းကောင်း ဖုန်း-၀၉-၅၁၇၇၉၅၆၊ ၀၉-၂၀၃၇၆၇၁၊ ၀၁-၆၅၁၃၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် ဂေါက်ကွင်းတို့၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး တင်းနစ်အပြီးသတ်လူရွေးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(တင်းနစ်ပြိုင်ပွဲ)၌ ပါဝင်ယှဉ်ပြိုင် အနိုင်ရရှိရေးအတွက် တင်းနစ်အပြီးသတ်လူရွေးပြိုင်ပွဲကို ဩဂုတ် ၉ ရက်တွင် တစ်ကြိမ်၊ ဩဂုတ် ၁၈ ရက်တွင် တစ်ကြိမ် နှစ်ကြိမ်ပတ်လည် (All meet Round Robin) စနစ်ဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ စခန်းသွင်းလေ့ကျင့်ထားသော ပဏာမလက်ရွေးစင်အမျိုးသား၊ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ တင်းနစ်အပြီးသတ်လူရွေးပြိုင်ပွဲတွင် အသက်(၃၀)အောက် တင်းနစ်အားကစားသမား မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားရာ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူကွင်း)သို့ စာရင်းပေးသွင်းရမည် ဖြစ်သည်။ ယင်းပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁ နှင့် ၃၈၁၉၉၂၊ လိုင်းခွဲ-၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

ယင်းတင်းနစ် အပြီးသတ်ရွေးချယ်ပြိုင်ပွဲမှ အကောင်းဆုံး အမျိုးသားလေးဦးနှင့် အမျိုးသမီးလေးဦး ရွေးချယ်ပြီး စခန်းသွင်း လေ့ကျင့်ပေးသွားမည် ဖြစ်သည်။

(သတင်းစဉ်)

အိုင်ယာလန် ဒပ်ဘလင်စူပါဖလား မန်စီးတီးကိုင်မြှောက်

ဒပ်ဘလင် ဩဂုတ် ၁

အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့၌ ကျင်းပသည့် ဒပ်ဘလင်စူပါဖလား ပြိုင်ပွဲတွင် မန်စီးတီးအသင်းက အင်တာမီလန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ဒပ်ဘလင်စူပါဖလားကို ကိုင်မြှောက်နိုင်ခဲ့သည်။

ယခုပွဲ၌ မန်စီးတီးအသင်းအတွက် ဂိုးများကိုပွဲချိန် ၄၅ မိနစ်တွင် ဘာလော့တယ်လီ၊ ၄၆ မိနစ်တွင် ဒီဇီကို နှင့် မိနစ် ၉၀ တွင် တောင်ပံကစားသမား အဒမ်ဂျွန်ဆင်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် မန်စီးတီးအသင်းအတွက် ရာသီအကြိုခြေစမ်းပွဲခရီးစဉ်၏ နောက်ဆုံးပွဲလည်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုကျင်းပခဲ့သည့် ဒပ်ဘလင်စူပါဖလားပြိုင်ပွဲတွင် ပထမပွဲစဉ်၌ အိုင်ယာလန် All Star အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ခြင်းကြောင့် နှစ်ပွဲနိုင်ပြီး ဒပ်ဘလင်စူပါဖလားကို ရရှိခဲ့ခြင်းဖြစ်သည်။

ESPN

ဒပ်ဘလင်စူပါဖလားကို ကိုင်မြှောက်၍ အောင်ပွဲခံနေသည့် မန်စီးတီး။

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန်ယူနိုက်တက်အတွက် အနိုင်ဂိုးကို ဟန်ဆန် ခေါင်းတိုက်သွင်းယူစဉ်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၂)နေပြည်တော်အားကစားကွင်း (ကက)အုပ်စု

ဆောက်လုပ်ရေးဝန်ကြီးဌာန **နှစ်ဂိုး**

(ထူးကိုကိုနိုင်)

ပို့ဆောင်ရေးဝန်ကြီးဌာန **တစ်ဂိုး**

(အောင်ဝင်းသန့်)

(ဒိုင်လူကြီး) ဦးထွန်းကြည် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း (ကက)အုပ်စု

ဆက်သွယ်ရေးဝန်ကြီးဌာန **လေးဂိုး**

(မင်းဌေး-နှစ်ဂိုး၊ နိုင်နိုင်းထွန်း-၂ နှင့် ချမ်းချမ်းမောင်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန **နှစ်ဂိုး**

(သူရိန်ဖြိုး၊ ရဲလင်းနောင်)

(ဒိုင်လူကြီး) ဦးတင်ထွန်းလေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂-၈-၂၀၁၁ ရက် ပွဲစဉ်များ

အမှတ်(၂) နေပြည်တော်အားကစားကွင်း (ခခ) အုပ်စု

ဟိုတယ်/ခရီး နှင့် စီးပွား/ကူးသန်း

နေပြည်တော် လယ်ဝေးအားကစားကွင်း(ခခ) အုပ်စု

သစ်တောရေးရာ နှင့် လယ်/ဆည်

(၁၀၇)

အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘောဒိုင်လူကြီး စာမေးပွဲသို့ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဝင်ရောက်ဖြေဆိုမည်

ရန်ကုန် ဩဂုတ် ၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘောဒိုင်လူကြီးစာမေးပွဲသို့ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒိုင်လူကြီးနှစ်ဦးဖြစ်သော ဒေါ်စိုးစိုးလွင်နှင့် ဦးဝင်းနိုင်ဖြိုးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။ (သတင်းစဉ်)

စစ်တုရင်သင်ကြားပို့ချရေး ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁

ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်နှင့် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့ သဘောတူညီချက်အရ ထိုင်းနိုင်ငံရှိ အခြေခံပညာကျောင်းများတွင် စစ်တုရင်သင်ကြားပို့ချရေးအတွက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်သည် ဗန်ကောက်မြို့သို့ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ ဗန်ကောက်ပဲလေ့ဟိုတယ်တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၅ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ထိုင်းနိုင်ငံပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၄၀ တက်ရောက်မည် ဖြစ်သည်။ (ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဩဂုတ် ၁

ဦးမင်းသိန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်)သည် ဇူလိုင် ၃၀ ရက်က ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကစားဖော်များဖြစ်သည့် ဦးကျော်မင်းဦး (မြန်မာသီဟကုမ္ပဏီလီမိတက်)၊ ဦးစိန်လွင်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း)၊ ဦးအောင်မျိုးသူ၊ ဒေါက်တာတင်အောင်လင်းတို့နှင့် အတူ ဂေါက်သီးရိုက်ကစားစဉ် ၁၆၅ ကိုက် ကွာဝေးသော ကျင်းအမှတ် (၄)သို့ Srixon AD 333 No.2 ဘောလုံးကို XXIO Prime Iron No.7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

ရက်ဒ်ဘူးစ် အသင်းခေါင်းဆောင်အဖြစ်ပါဝင်ကစားခဲ့သည့် ဟင်နရီ။

ဟန်သစ်

ရက်ဒ်ဘူးစ်အသင်း အမ်းမရိတ်ဖလားဆွတ်ခူး

လန်ဒန် ဩဂုတ် ၁

ရာသီအကြိုခြေစမ်းပွဲအဖြစ် အမ်းမရိတ် ဖိတ်ခေါ်ဖလားပြိုင်ပွဲကို အာဆင်နယ်အသင်း၏ အမ်းမရိတ်ကွင်း၌ ကျင်းပခဲ့ရာ နောက်ဆုံးပွဲစဉ်တွင် အမေရိကန်ကလပ် ရက်ဒ်ဘူးစ် အသင်းက အိမ်ရှင်လည်းဖြစ်၊ လက်ရှိချန်ပီယံလည်းဖြစ်သည့် အာဆင်နယ်အသင်းကို တစ်ဂိုးစီသရေကစားပြီး အမ်းမရိတ်ဖလားကို ဆွတ်ခူးသွားသည်။

အမ်းမရိတ် ဖိတ်ခေါ်ဖလားပြိုင်ပွဲကို အိမ်ရှင်အာဆင်နယ်(အင်္ဂလန်)၊ ရက်ဒ်ဘူးစ်(အမေရိကန်)၊ ရေးဗားပလိတ်(အာဂျင်တီးနား)နှင့် ပဲရစ်စိန့်ဂျာမိန်း(ပြင်သစ်)တို့ပါဝင်ခဲ့သည်။ အာဆင်နယ်နှင့် ရက်ဒ်ဘူးစ်တို့ပွဲတွင် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း အာဆင်နယ်ကွင်းလယ်လူ ကိုင်လီဘာ့တ်လေ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

ရက်ဒ်ဘူးစ်အသင်းတွင် အာဆင်နယ်ကစားသမားဟောင်း ဟင်နရီ ပါဝင်လာပြီး အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူကာ အသင်းကို အကောင်းဆုံး ထိန်းကျောင်းကစားသွားနိုင်ခဲ့သည်။ ၎င်းကို အာဆင်နယ်ပရိသတ်များက နွေးထွေးစွာကြိုဆိုရင်း လှိုက်လှိုက်လှဲလှဲအားပေးခဲ့ကြသည်။

The Sun

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ
ဦးပေသီး-ဒေါ်လှရှန်(Star ဂွမ်းလုပ်ငန်း)တို့၏ သား
ဗိုလ်ကြီးဖြိုးဝေလှိုင် B.Sc (D.S.A) MICSC နှင့်
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ
ဦးမြင့်ဇော်-ဒေါ်အေးယုဆွေ(‘ဟိန်း’ရွှေစက်ဖြတ်လုပ်ငန်း)
တို့၏သမီး
မအိအိသူ B.A (English)

တို့သည် ၂၇-၇-၂၀၁၁ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဖြိုးဝေလှိုင်-မအိအိသူ

သင့်သွေးဖြင့် အသက်ကယ်ပါ

စာတော်ပြန်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးသည် (၄၄) ကြိမ်မြောက် စာတော်ပြန်ပွဲအခမ်းအနားကိုဩဂုတ်၂၇ရက်တွင်ကျင်းပမည်ဖြစ်ရာ အလှူငွေများအား အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ဆူးလေစေတီတော်ရင်ပြင် ဖုန်း-၃၇၈၄၅၇ နှင့် အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး အမှတ်(၄၉-၅၁) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၃၈၀၈၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဥတုရာသီ
တောက်ပမှု၏







ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၁၉၇၁ မှ ၂၀၁၁ ခုနှစ် နှစ်(၄၀)ပြည့် ပတ္တမြားရတုသဘင်အခမ်းအနားနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၁၉ ရက်က အထက(၅) ကေသရာဇာခန်းမ၌ ကျင်းပရာ ပတ္တမြားရတုသဘင်အထိမ်းအမှတ်အဖြစ် ဖိတ်ကြားထားသော သက်ကြီးအမှုဆောင်ဟောင်းများအား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (၆၃)

ယာဉ်အန္တရာယ် ကင်းရှင်းရေး ပညာပေး

ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ရက်က လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာသန်မြန်သူမော်တော်ယာဉ်လိုင်းကြီးကြပ်ရေးကော်မတီဝင် ဦးလှအောင် ရှင်းလင်းဟောပြောစဉ်။

(၃၂၉)

ပုဇွန်တောင်မြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း လေးနှစ်ဆက်တိုက် ပထမဆုရ တတိယတန်းမှ မမြဝေလွင်အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ဝန်ထမ်းအလိုရှိသည်
ပြည်တွင်း၌သာခန့်ထားရန်

(1) Chief Accountant — မ(၁)ဦး
B.Com, CPA (သို့) ACCA
လုပ်ငန်းအတွေ့အကြုံ(၅)နှစ်၊ ကွန်ပျူတာ Microsoft Excel ကျွမ်းကျင်သူဖြစ်ရမည်။

(2) Accountant — မ (၂)ဦး
ဘွဲ့ရ၊ LCCI Level III အောင်ပြီး
လုပ်ငန်းအတွေ့အကြုံ(၃)နှစ် ကွန်ပျူတာ Microsoft Excel ကျွမ်းကျင်သူဖြစ်ရမည်။

(3) Engineer (Sale & Marketing) — ကျား/မ(၁)ဦး
B.E(EP) (သို့) AGTI(EP)
အသက်(၃၀)နှစ်မှ (၄၀)နှစ်အတွင်း Marketing လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။
Electrical Power လုပ်ငန်းများတွင် အတွေ့အကြုံ(၃)နှစ်ရှိသူဖြစ်ရမည်။ ခရီးသွားနိုင်သူကို ဦးစားပေးမည်။

(4) HR ဝန်ထမ်း — ကျား/မ(၁)ဦး
တက္ကသိုလ်တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။ HR Diploma (သို့) Certificate ရရှိထားသူဖြစ်ရမည်။
အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်းရှိရမည်။ လုပ်သက်(၃)နှစ်အထက်ရှိရမည်။

(5) Auto CAD ကျွမ်းကျင် — ကျား/မ(၁)ဦး
ဘွဲ့ရ၊ (3D) ကျွမ်းကျင်ပြီး လုပ်သက်(၂)နှစ်ရှိရမည်။

(6) Marketing Supervisor — ကျား/မ(၂)ဦး
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိပြီး၊ Sale Team ကို ဦးဆောင်နိုင်ရမည်။
အချိန်မရွေး ခရီးသွားလာနိုင်ရမည်။ အသက်(၂၅ မှ ၃၅)နှစ်အတွင်း

(7) Marketing Staff — ကျား/မ(၅)ဦး
ဘွဲ့ရ၊ အသက်(၂၀)နှစ်မှ(၂၅)နှစ်အတွင်း
Marketing လုပ်ငန်းအတွေ့အကြုံရှိသူ

(8) အရောင်းဝန်ထမ်း — မ(၅)ဦး
ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်၍ ပြောဆိုဆက်ဆံရေးပြေပြစ်သူ၊ အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။

(9) ပြင်ထိန်း — ကျား(၂)ဦး
A.G.T.I(EP) ဘွဲ့ရ၊ လျှပ်စစ်လုပ်ငန်းပိုင်းဆိုင်ရာအတွေ့အကြုံရှိပြီး ကျွမ်းကျင်ရမည်။ အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်း

(10)Driver (ယာဉ်မောင်း) — ကျား(၃)ဦး
အနည်းဆုံး အလယ်တန်းအဆင့်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
အသက်(၃၀)မှ(၄၅)နှစ်အတွင်းဖြစ်ရမည်။

အထက်ပါရာထူးများကို လျှောက်ထားလိုသူများသည် မျှော်မှန်းလစာ၊ CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းထောက်ခံစာ(မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း(ရပ်ကွက်၊ ရဲစခန်း)ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း(မိတ္တူ)၊ နိုင်ငံသားမှတ်ပုံတင်(မိတ္တူ)တို့ကို ပူးတွဲ၍ Silver Tiger Co.,Ltd. ငွေကျားတိုက် အမှတ်-G (၄၊၅၊၆) ပုလဲစင်တာ၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အတွေ့အကြုံပေါ် မူတည်၍ ပညာအရည်အချင်းနှင့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။

သယ်န်းကျွန်းမြို့နယ် စံပြဆေးရုံကြီးမှ ဆရာဝန်ကြီးများက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရပ်ကွက်/ကျေးရွာများရှိ အထွေထွေရောဂါရှင် လူနာများအား ဇူလိုင် ၂၃ ရက် က စက်မှုဇုန် ကနောင်ခန်းမ၌ အခမဲ့ ဆေးကုသပေးစဉ်။

(ဉ၁၂)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လေးဒေါင့်ကန် အမှတ်(၂) လမ်းမကြီးနေ ဆရာဦးကြည်ဝင်း-ဒေါ်စန်းဝင်းမိသားစုက ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ ကန်ဦးဖောင်ဒေးရှင်း ပညာသင်ဆုအတွက် အလှူငွေကျပ်နှစ်သိန်းကို ဖောင်ဒေးရှင်းအမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဇူလိုင် ၂၇ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်နေ မောင်ရဲထွန်း-မအေးအေးအောင်တို့၏ မင်္ဂလာဦးအလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၁ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ရန်ကုန်မြို့ တာမွေမြို့နယ် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၈ ရက်က အထက (၂) တာမွေ၌ ကျင်းပရာ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်ဦး အသိပညာပေး ဟောပြောစဉ်။

(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပေါင်းတလည်-ခွေးရဲ-ဝန်တင်ဆိပ် လမ်းပေါ်ရှိ ရေပြွန်ဆောင်ရွက်နေမှုကို ဇူလိုင် ၂၄ ရက်က အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဒေးဒရဲမြို့နယ် သီလဝါအင်း၊ ရေကျော်အင်း၊ မငေးကလေးအင်း၊ သောကြာအင်း၊ ကျုံမင်းနောက်ပြန်တိုးအင်းနှင့် ကျုံလွတ်အထက်အင်း ရေဆိုင်များသို့ ငါးခုံးမ၊ ငါးသန်ကောင်ရေ ရှစ်သိန်းအား အင်းချောင်းများအတွင်း ဇူလိုင် ၂၃ ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ အင်းလုပ်ငန်းရှင်များနှင့်အတူ ငါးမျိုးများ စိုက်ထည့်ကြစဉ်။

(မြို့နယ်ငါးလုပ်ငန်းဦးစီး)

မန္တလေးက **ဒေါင်းညီနောင်** ထရေးဒင်းကုမ္ပဏီလီမိတက်

(အဆင့်မြင့်ကြွေပြားဖြန့်ချိရေး)ပါ။ မှန်ကန်တဲ့ဈေးနှုန်းနဲ့ စစ်မှန်တဲ့ကြွေပြားကိုရစေချင်လို့ အခု

ရန်ကုန်-အဆောင်(၁၂)၊ အခန်း(၅)၊ ပုလဲ(၆)လမ်း၊ စော်ဘွားကြီးကုန်းမှာ ဖွင့်လှစ်ရောင်းချပေးနေပါပြီ။ ဖုန်း - ၀၉-၂၀၅၄၃၉၃၊ ၀၉-၉၁၀၄၈၂၂၈

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၄၁၊ နည်းဥပဒေ-၁၄)

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၂၀၁၁-ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ်-၃၂၀

၁။ ဒေါ်တင်တင်ကြည်	နှင့်	၁။ ဒေါ်မိုးမိုးခိုင်
၂။ ဦးထွန်းလွင်		၂။ ဦးနိုင်ဒူး(ခ)ရာဂျန်
၃။ ဒေါ်ခင်ခင်ရွှေ		၃။ ဒေါ်နန်းနုနုဟန်
၄။ ဒေါ်ခင်မေမေ		
၅။ ဒေါ်ခင်မေထွေး		
၆။ ဒေါ်အေးဇာနည်ထွန်း (ကွယ်လွန်သူ ဦးမောင်မောင်ကြီး၏ တရားဝင်ကိုယ်စားလှယ်များ)		
အယူခံတရားလိုများ		**အယူခံတရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး တရားရုံး၏ တရားမကြီးမှုအမှတ်-၂၈/၂၀၀၇ အမှုကိုအယူတော်ခံမှု။

အယူတော်ခံတရားပြိုင်အမှတ်(၂)ဦးနိုင်ဒူး(ခ)ရာဂျန်၊ အမှတ်(၁၁)၊ (၅၄)လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုများက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၁ခုနှစ် ဩဂုတ်လ၁၉ရက် (၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ -၂၂ အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နော်သန်းသန်းအေး

ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်



ကန့်ကွက်နိုင်ပါသည်

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်-၄၂၉ဲ(ခ)၊ အကျယ်အဝန်းပေ (၂၀×၆၀)ရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း(၂၀)၊အမှတ်-၄၂၉(ခ)ဟုခေါ်တွင်သည့် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ တန်ဖိုးငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း(စဥ်-၆၃၀၇)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/စီ)
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉၅၁၆၀၆၀၇

မြေရောင်းမည်

ရတနာလမ်းမပေါ်(ပဲခူးမြစ်လမ်းအနီး)

ပေ(၁၃၅×၂၂၀)၀. ၆၁၉ကေရှိမြေကွက် ဒဂုံဆိပ်ကမ်းမြို့နယ်။

ဆက်သွယ်ရန်-ဖုန်း-၃၉၇၅၁၉၊

၀၉-၄၉၂၆၀၄၄၉၊ ၀၉-၅၅၀၂၈၀၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။(ပွဲစားမလို)

ကန့်ကွက်နိုင်ပါသည်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ တိုးချဲ့(၂)လမ်း၊ (၂-မ) ရပ်ကွက်၊ မြေကွက်အမှတ်-၁၂၁၉၊ ပေ(၂၀×၆၀)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်ထားသူ ဒေါ်ခင်ရီ [RRE-၀၆၉၄၇၄]ထံမှ ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ အောက်ပါလိပ်စာအတိုင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဒေါ်သက်မာ**

[၁၃/တကန(နိုင်)၀၄၅၇၂၅]
၂၆၉/၁၊ပျဉ်းမမြိုင်လမ်းသွယ် (၂)၊ (၂၅)ရပ်ကွက်၊
သုဝဏ္ဏ၊ သယ်န်းကျွန်းမြို့နယ်။

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ်(၃၀)ဟု ခေါ်တွင်သည့် (၆)ထပ်တိုက် အဆောက်အအုံရှိ ၄-လွှာ(ခြေရင်းခန်း)၊ တိုက်(ဘီ)၊ အကျယ်အဝန်း(၁၇ပေ×ပေ၇၀)ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါ၍ ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည့် မည်သူမဆို စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သီတာအုန်း(စဥ်-၆၃၀၇)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/စီ)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉ ၅၁၆၀၆၀၇

အမည်ပြောင်း

လောင်းလုံးမြို့နယ်၊ မင်းရပ်ရွာနေ ဦးကျော်မြင့်၏သမီးဖြစ်သူ လောင်းလုံးမြို့၊ ကမြောကင်း-အထက၊ နဝမတန်း(A)မှ မသီသီအောင်အား မစုလင်းထက်ဟုလည်းကောင်း၊ ထားဝယ်မြို့၊ အလက(၁) သတ္တမတန်း(B)မှ မထက်မြတ်ဖူးအား မဝင်းပပအောင်ဟုလည်းကောင်းပြောင်းလဲခေါ်ဆိုပါရန်။ **မစုလင်းထက်၊ မဝင်းပပအောင်**

ရောင်းရန်ရှိသည်

လက်ရှိလည်ပတ်နိုင်သော တစ်ရက်(၁၀)တန်ကျ ဆီချော သန့်စင်စက်(Refinery Plant) သင့်တော်သော ဈေးနှုန်းနှင့် ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်-

ဖုန်း-၅၉၀၃၄၁၊ ၅၉၀၃၄၂

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြေညီထပ်၊ စံပယ်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ (ထော်လီကွေ့ မှတ်တိုင်အနီး)

ဖုန်း-၅၅၂၃၀၀၊
၀၉-၇၃၁၁၁၈၂၆

CNG TAXI ရောင်းမည်

မီးလေးလုံးဗင် ဒ/၈---

ပွဲစားမလို

Ph:09 73012832

သွေးသည်အသက်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကြို့ပင်ကောက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသော ရွှေဝါဟသ်ာဆန်စပါးအထူးပြုကုမ္ပဏီ၏ ၂၀၁၁ ခုနှစ် မိုးစပါးရာသီအတွက် စိုက်ပျိုးစရိတ်၊ မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် တစ်စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကျေးလက်ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးစေရန် နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇူလိုင် ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန(လှည်းကူး)သို့ ရောက်ရှိပြီး ဆန်ကြိတ်ခွဲရေးနှင့် ဆန်စက်ပြင်ဆင်ရေးသင်တန်းများ ဖွင့်လှစ်ရန်၊ ဆန်တွင် မှိုဆိပ်ပါဝင်မှု ရှိ၊ မရှိကို စစ်ဆေးရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဝန်ထမ်းများအနေဖြင့် တာဝန်နှင့်ဝတ္တရားများကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာ လုပ်ငန်းများ ဆောင်ရွက်မှသာ ဝန်ကြီးဌာန အောင်မြင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်လည်း အောင်မြင်မှုရရှိမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့သည် ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီတွင် ပြည်မြို့

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

အာကာသသိပ္ပံ အင်တာနက်သတင်း ဘာသာပြန်-တက်လူ

နေရောင်ခြည်စွမ်းအင်သုံး အာကာသယာဉ် ကြာသပတေးဂြိုဟ်သို့ ငါးနှစ်ကြာခရီးနှင်မည်

ဝါရှင်တန် ဩဂုတ် ၁

"ဂျူနို" ဟု အမည်ပေးထားသော နေရောင်ခြည်စွမ်းအင်သုံး အာကာသယာဉ်သည် သုတေသနအထူးခရီးစဉ်အဖြစ် ကြာသပတေးဂြိုဟ်သို့ ငါးနှစ်ကြာ ခရီးနှင်မည်ဖြစ်ကြောင်း အမေရိကန်အာကာသအေဂျင်စီ(နာဆာ)က ဩဂုတ် ၁ ရက်တွင် ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍



ကြာသပတေးဂြိုဟ်အား အဝေးကြည့်မှန်ပြောင်းမှ တစ်ဆင့် တွေ့မြင်ရသည့်ပုံကို သရုပ်ဖော်ထားစဉ်။ *(ခါတ်ပုံ- အင်တာနက်)*